စိတ်ကူးချိုချိုအနုပညာ

# မပကဓဓဝ

# တောနဲ့တောင်စွယ်




ပြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com

mgyoe.com

# မဟာဆွေ

## တောနဲ့တောင်စွယ်



mhs0006
2500.00 Ks

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၇၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၅၊ ဇန်နဝါရီလ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ ရှမဝတိုက်၏ ပထမအကြိမ်မှူ၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၂၅၀၀ ကျပ်

တောနဲ့တောင်စွယ်
မဟာဆွေ - ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ ၂၀၁၅၊
စာမျက်နှာ ၂၁၀ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ
(၁) တောနဲ့တောင်စွယ်

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

▪▪▪▪▪▪▪▪▪

# တောနဲ့တောင်စွယ်

## မဟာဆွေ

ပြန်လည်ညှိရိုက်နှိပ်ခြင်း

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# နိဒါန်း

မဂ္ဂဇင်းတစ်စောင်၌ မိတ်ဆွေတစ်ဦးက 'စာရေးဆရာဘဝ' ဟု ခေါင်းစဉ်ဖြင့် မည်ကဲ့သို့ ပုဂ္ဂိုလ်မျိုးသည် စာရေးဆရာအစစ်ဖြစ်သည်ဟု ဝေဖန်ရေးသားခဲ့သည်ကို ဖတ်ရှုရပေမည်။ လူတိုင်းလူတိုင်းသည် မိမိ၏ ထင်မြင်ချက်ကို ပိုင်ဆိုင်ခွင့်ရှိသဖြင့် ထိုသူ၏ထင်မြင်ချက်ကို အခြားသူ တစ်ဦးတစ်ယောက်က မှားသည်ဟု ဆုံးဖြတ်ရန်မှာ လွယ်ကူသော အလုပ် မဟုတ်ပေ။ ကျွန်ုပ်၏ ထင်မြင်ချက်ကိုလည်း စာပေပရိသတ်သို့ တင်ပြ ပါရစေ။ အမှားအမှန်ကိုတော့ အချိန်နှင့် ပညာရှင်တစ်စုတို့က ဆုံးဖြတ်ကြ ပါလိမ့်မည်။ စာရေးဆရာစစ်စစ်ဆိုသည်မှာ ပထမအချက်၌ ကလောင်တစ် ချောင်းဖြင့် အသက်မွေးသူ ဖြစ်ရမည်။ ထိုသို့အသက်မွေးရာ၌ ဆင်းရဲသည်၊ ငတ်သည်၊ ပြတ်သည်စသော ဒုက္ခအပေါင်းတို့ကို ဖွဲ့ကောင်းကောင်းနှင့် ခံနိုင်ရည်ရှိရမည်။ အစိုးရနှင့်ကုန်တိုက်သူဌေး စသည်တို့၏ အခစားကို မဆိုထားဘိ ကလောင်သာလျှင် အသုံးချရသော စာနယ်ဇင်းတစ်တိုက်တိုက် ၏ အခစားပင်လုပ်ကိုင်ခြင်း မပြုရ၊ သူ့ဆန်စားမှ ရဲမှဟူ၏သို့ သူ့အခစား ဖြစ်လျှင်အနည်းနှင့်အများ အလုပ်ရှင်၏အလိုသို့လိုက်ပါရတတ်၍ ကလောင် လွတ်လပ်မှု မရှိနိုင်တော့ချေ။ ဒုတိယအချက်ကား ဝတ္ထု၊ ဆောင်းပါး၊ ကျမ်း စာစသည့်တို့ကို ပြုစုရေးသားရာ၌ (အကိုးအကား ဖော်ပြသည်မှအပ)မိမိ၏ ကိုယ်ပိုင်ဉာဏ်ကို အသုံးချရေးသားသူသာလျှင် စာရေးဆရာစစ်စစ်ဖြစ်

mgyoe.com

mgyoe.com



သည်ဟု ယုံကြည်ပါသည်။ ကျွန်ုပ်အဖို့ကား အပြောသာ မဟုတ်၊ ထိုသို့ ယုံကြည်သည်အတိုင်း တတ်နိုင်သမျှ ကြိုးစားခဲ့ပါသည်။ ခရစ်နှစ် ၁၉၁၈ ခုနှစ်လောက်ကစ၍ စာရေးဝါသနာပါခဲ့သည်ဟု ဆိုရစေကာ ကိုယ့်အရည်အချင်းကို အားမရသဖြင့် စာရေးဆရာ မဖြစ်ခဲ့ဘဲ ကျောင်းဆရာဘဝနှင့် ၁၁ နှစ်တိုင်တိုင်နေခဲ့ရာ ၁၉၃၄ ခုဇန်နဝါရီလသည် ကျွန်ုပ်၏တစ်သက်တွင် စာရေးဆရာ စစ်စစ်ဘဝသို့ရောက်ခဲ့သော အချိန်ဖြစ်ပါသည်။ အထက်တန်းလက်မှတ်များနှင့် ဆရာဖြစ်လက်မှတ်များကို အမှတ်တရ မီးတင်ရှို့လိုက်သည်။ ထိုနေ့ ထိုအချိန်ကစ၍ ယနေ့တိုင် မည်သည့် လခစားမှု မလုပ်ခဲ့ပါ။ ဝင်ငွေအများဆုံးလည်း ရခဲ့ဖူးသည်။ ငတ်တစ်လှည့်၊ ပြတ်တစ်လှည့်လည်း ဖြစ်ခဲ့ဖူးသည်။ မည်သို့ပင်ဖြစ်စေ ကိုယ့်ဘဝကို နှစ်ခြိုက်ပျော်ပိုက်သည်။ တစ်ကျပ်တန် သူများပိုင်ပစ္စည်းကို ထုတ်ပြရခြင်းထက် တစ်ပဲတန် ကိုယ်ပိုင်ပစ္စည်းကလေးထုတ်ပြရခြင်းကို မွန်မြတ်သည်။ တန်းဖိုးရှိသည်ဟု ယုံကြည်သည်။ အနောက်နိုင်ငံသားတို့၏ စာပေကျွန်အဖြစ်ကို ကလောင်ပေါက်စကပင်မလိုလားခဲ့။ ကျွန် မဖြစ်အောင်ကြိုးစားခဲ့သည်။ ယခုအသက် ၅၀ကျော်အရွယ်တွင်ကားဆိုဖွယ်မရှိ။ ဉာဏ်ရည် ဉာဏ်သွေးကိုတော့အချိန်နှင့် စာပေပရိသတ်က ဆုံးဖြတ်ပါလိမ့်မည်။ ဤဝတ္ထုကို အပျင်းပြေသာမဟုတ်ဘဲ ဉာဏ်စေ၍ ဖတ်ရှုနိုင်ကြပါစေသော်။

မဟာဆွေ

(ဤဝတ္ထုရှည်ကြီးကို ရေးသားရာ၌ ကချင်ပြည်နယ် လက်ရှိအခြေအနေ အဖြစ်အပျက်များကို ကူညီရှင်းလင်းပြောပြသော ကချင်ပြည်နယ် သစ်တောရေးဝန်ကြီး သခင်ပြန့်နှင့် မြစ်ကြီးနားခရိုင် ထောက်ပံ့ရေးအရာရှိ ဦးသိန်း (ဘီ – အေ) အား အထူး ကျေးဇူးတင်ပါသည်။)

mgyoe.com

mgyoe.com

# တောနဲ့တောင်စွယ်

တိမ်ဝေဝေ ... တိမ်ဝေ ...

သာဓု ... သာဓု ... သာဓု

ဗုဒ္ဓဘာသာဝင် သူတော်စင်တို့၏နားတွင် ကဏ္ဏာသုခအဖြစ် ဆုံးကား ကြေးစည်သံပင်ဖြစ်သည်။ ဘယ်အချိန်ပင် ကြားရ ကြားရ နားဝ တွင်ချိုကာ အလိုလိုပင် ပီတိဖြစ်လာတတ်သည်။

မန်းရွှေမြို့တော်ကြီး၏ အနောက်ပိုင်း ပိုက်ကျုံးရင်း တစ်ခုသော ဝင်းခြံကြီးအတွင်း၌ သစ်စက်ကြီးတစ်လုံး၊ပျဉ်အစားစားထားသော အဆောက် အဦများ၊ တစ်နေရာ၌ ညီညာသောမြေပြန့်တွင် လက်တစ်ပတ် သာသာခန့် ကျွန်းတိုင်လုံးချောကြီးများဖြင့် ဆောက်လုပ်ထားသည့် ၄ ပင် ၅ ခန်းတိုက်ခံ အိမ်ကြီးရှိ၏။

နေ့ကား ၁၃၀၉ ခု၊ သီတင်းကျွတ်လပြည့်နေ့ဖြစ်၏။ တဝိဝိ တရှောင်းရှောင်း မြည်နေသော လွှစက်ခုံကြီးလည်း ပိတ်၍ မီးခိုးတိတ်ကာ ဆိတ်ငြိမ်၍နေသည်။ ထိုသို့ ဆိတ်ငြိမ်နေသဖြင့်လည်း အိမ်ကြီး၏ အပေါ် ထပ်မှ ကြေးစည်သံနှင့် သာဓုခေါ်သံများကို ထင်ထင်ရှားရှား ကြားနေရ ခြင်းဖြစ်သည်။

mgyoe.com

mgyoe.com


အချိန်ကား မွန်းလွဲတစ်နာရီခန့်၊ အိမ်ကြီး၏အပေါ်ထပ်ခန်း အဆောင်ကြီးတွင် ကြည့်ရှုမည်ဆိုပါက ရှေးဦးစွာ ရွှေကျောင်းဆောင်ကြီးနှင့်တကွ ဉာဏ်တော်တစ်ထောင့်ထွာခန့်ရှိ ရွှေဆင်းတုတော်၊ ငွေပန်းစိုက်၊ ငွေရည်သွတ်ခေါင်းများတွင်လည်း ကြာပန်း၊ရွက်လှပန်း၊ နှင်းဆီပန်းများ လန်းဆန်း ဝေဆာလျက်ရှိသည်ကို မြင်ရမည်ဖြစ်၏။

ထိုကျောင်းဆောင်အောက် ရှေ့ကျကျတွင် ကြိမ်ပက်လက်ကုလားထိုင်ကြီးတစ်လုံးပေါ်၌ ဦးပြည်းစိမ်းနှင့် သံမဏ္ဍ သံရုပ္ပရှိတော်မူသော ဝါတော် ၃၀ ကျော်၊ သက်တော် ၅၀ ကျော်ခန့် ရဟန်းတော်တစ်ပါး၊ တင်ပျဉ်ခွေကာ ထိုင်နေတော်မူ၏။ စင်တင်ကော်ဇောကြီးများ အပြည့်ခင်းထားသော ရဟန်းတော်၏ရှေ့၌ ပုဆစ်ဒူးချလျက် လက်ယှက် တရားနာနေကြသော ပရိသတ် ၅၀ ခန့်ရှိလေသည်။

ရဟန်းတော်ကြီးမှာ "လာပါ ... လာပါ မကြည်ရဲ့လို့ မလွယ်ပေါက်နဲ့အိမ်" စသော လေးပေါက်သံခုနစ်သံချိ စသည်တို့ဖြင့် သုံးမတြာ ထက်လွန်က်ကဲကာ ဆွဲချင်သလိုဆွဲ၊ ချွဲချင်သလိုချွဲ၍ ဟောလေ့ရှိသော ရွှေတိဂုံဘုရားကြီးမှ ဝါတွင်း တရားသံမျိုးမဟုတ်၊ လယ်တီဆရာတော် ဘုရားကြီး၏တပည့်ကောင်းပီပီ ခပ်တည်တည် အသံမှန်မှန်နှင့် ကာရန်တစ်လုံးချိတ်၊ နှစ်လုံးချိတ်ပါဝင်ကာ တရားဟောတော်မူနေခြင်း ဖြစ်သည်။

ပါဠိနှင့် အနက်ရှင်းပြသည်၏ အဆုံး၌တရားနာခံသူဖြစ်သူက ကြေးစည်တီး၍ ပရိသတ်က သာဓုခေါ်ကြသောအသံများဖြစ်သည်။ တချို့လည်း တရားတော်ကို အာရုံစူးစိုက်လျက်၊အချို့မှာမူ မွန်းမလွဲမီ အဝစား၍ တရားတော်ကလည်းနက်သဖြင့် မျက်တောင်စင်းသူစင်း ဖြစ်နေကြသည်။

"ကဲ ... တရားဆက်ကြဦးစို့ ..."

"ယခုအခါ ကမ္ဘာမှာရှိတဲ့လူတွေကို မေးကြည့်လိုက်ရင် အလုပ်ကိစ္စများလွန်းလို့မအားနိုင်ဘူး၊ အချိန်မရနိုင်ဘူးနဲ့ အမျိုးမျိုးအဖုံဖုံပြောကြသည်။ ဘာကိစ္စလဲလို့ မေးကြည့်တဲ့အခါ စားရေးဝတ်ရေးနဲ့ သား မယားကျွေးမှု ကိစ္စတွေသာ ဖြစ်တယ်။ ဟုတ်တယ်မှတ်လား ဒကာငြိမ်းရဲ့"

"ဟုတ်ပါကြောင်းပါ ဘုရား" (တရားနာခံ၏ အာမဘာန္တေသံ)

"အဲဒါတွေဟာ အချုပ်မှာတော့ အိမ်ထောင်ရေးကိစ္စတွေပါပဲ၊

mgyoe.com

mgyoe.com


ဒါ့ကြောင့် ရှင်တော်ဘုရားကလည်း ဃရာဝါသော ဗဟုကိစ္စောရယ်လို့ ဟောကြားတော်မူခဲ့ပေတယ်။ ဃရာဝါသောအိမ်ရာတည်ထောင် လူတို့ ဘောင်၌ နေထိုင်ရခြင်းသည်၊ ဗဟုကိစ္စအချိန်မအားအောင် များပြား ရှုပ်ပွေသောကိစ္စရှိတယ်တဲ့"

အဲဒီလို ဗဟုကိစ္စတွေဟာ ဘယ်နေရာမှာ အသုံးကျပါသလဲလို့ သူတော်ကောင်းတို့ရဲ့ တွက်ကိန်းနဲ့ တွက်ကြည့်လိုက်မယ်ဆိုရင် ဘာတစ်စုံ တစ်ခုမှ အသုံးမကျဘဲ ပပဥ္စခေါ်တဲ့ သံသရာနယ်ချဲ့တဲ့ အပိုလုပ်တွေ၊ ကိစ္စရှုပ်တွေ၊ အညစ်အကြေးထူပြောပြီး ကိလေသာ တောထတဲ့အလုပ်တွေသာ ဖြစ်တယ်။ မကောင်းမှု ဒုစရိုက်ကြီးတွေ၊ ဆိုးဝါးကြမ်းတမ်းတဲ့ လောဘကြီးတွေ၊ ဒေါသကြီးတွေ၊ မာနကြီးတွေ၊ အဘိဇ္ဈာကြီးတွေ၊ ဣဿာနဲ့မစ္ဆရိယကြီးတွေဆိုတာ ဒီလိုအလုပ်ရှုပ်တွေထဲ က ထွက်ပေါ်လာကြတဲ့ ကိလေသာဆိုးကြီးတွေ ဖြစ်ကြတယ်"

"မှန်လှပါဘုရား"

"ဥပမာအားဖြင့် ဆိုရင် တောချုံရှုပ်ပွေရာမှ မြွေဆိုး၊ ကျားဆိုးတွေ ထွက်ပေါ်လာသလို ပုထုဇဉ်သတ္တဝါတို့ရဲ့ ဃရာဝါသသဆိုတဲ့ အလုပ်ရှုပ်တွေထဲက မြွေဆိုး၊ကျားဆိုးတွေနဲ့တူတဲ့ ကိလေသာတွေ ထွက်လာတာပဲလို့ အမြဲမှတ်သားကြပေတော့။ အဲဒီလို အလုပ်ရှုပ်တွေမရှိရင် ကိလေသာအဆိုးအရွားတွေလည်း ထွက်ဖို့လမ်းပေါက်မရှိတော့ဘူးမဟုတ်လား ဒကာ ငြိမ်းရဲ့"

"မှန်ပါ၊ မရှိတော့ပါဘုရား"

"အဲဒီလို ကိလေသာတို့ရဲ့ ယိုစီးကြောင်းဖြစ်တဲ့အလုပ်ရှုပ်၊ ဗာလသုက္ကတွေနဲ့သာ သံသရာတစ်ပြင်လုံး မဆုံးနိုင်ဘဲ ကျင်လည်ခဲ့ရတဲ့ သတ္တဝါတွေသာများကြတယ်။ ကိလေသာယိုစီးပြီး သံယောဇဉ်မီးတောက်တဲ့အလုပ်မျိုးတွေကိုပင် အဟုတ်ကြီးထင်ကာ ထင်ကာနဲ့ ဘဝသံသရာတွေ အနန္တမျောခဲ့မြုပ်ခဲ့ အချိန်ဖြုန်းခဲ့ကြရတယ်"

မိမိတို့မှာလွန်စွာအရေးကြီးတဲ့ သက္ကာယဒိဋ္ဌိ ဖြုတ်ဖျက်ကိန်း အလုပ်ကြီးဆိုတာကိုတော့ တစ်ခါလောက်မှ အိပ်မက်ကလေးမျှ မက်ဖူးကြမယ်မဟုတ်ဘူးနော်၊ သံသရာတစ်ခွင်မှာ မင်္ဂလာကြီးတွေ၊ ကျက်သရေကြီးတွေ

mgyoe.com

mgyoe.com


ထင်ပြီး ခင်မင်စွဲလမ်းစွာ လက်မလွှတ်နိုင်ဘဲ လုပ်ခဲ့ကြတဲ့ သံသရာအလုပ်တွေဆိုတာ သက္ကာယပြုတ်ဖို့နေနေသာ အတ္တဒိဋ္ဌိ ခိုင်မြဲသထက် ခိုင်မြဲဖို့၊ ကိလေသာ အညစ်အကြေး ထူပြောပြီး သံယောဇဉ်ကြိုးတွေကို ဗလရှုပ်ဗလပွေ ခိုင်မြဲသထက် ခိုင်မြဲဖို့သာဖြစ်တယ်။

"မှန်လှပါဘုရား"

"အဲဒါကြောင့် ယခုလို ဗုဒ္ဓသာသနာတော်ကြီး တညီးညီး တပြောင်ပြောင် အရောင်အဝါထွန်းလင်းနေတဲ့အခါကြီးများမှာ သံသရာတစ်ခွင် အရိုးအစဉ်ကြီးဖြစ်နေတဲ့ ဗာလုသယုက္ကအလုပ်ရှုပ်များကို အားကျ ခြင်းမရှိဘဲ အတ္တဒိဋ္ဌိဖြုတ်ကိန်းနဲ့ လွတ်ငြိမ်းချမ်းသာခြင်းဆိုတဲ့ သန္တိသုခ အလုပ်ကြီး၊ အလုပ်မြတ်သာအားထုတ် လုပ်ကိုင်သင့်ကြတယ်မဟုတ်လား ဒကာငြိမ်းရဲ့"

"မှန်ပါ အားထုတ်သင့်ကြောင်းပါ ဘုရား"

"သံသရာတစ်ခွင်မှာ အရိုးအစဉ်ကြီးဖြစ်တဲ့ လက်ကိုင်အလုပ်ရိုးကြီးတွေဆိုတာ ဘယ်အခါမှပြီးနိုင်တဲ့ ကိစ္စမျိုးတွေမဟုတ်ဘူး။ ကမ္ဘာကြီးတွေ အသင်္ချေ အသင်္ချာ ကြာချင်တိုင်း ကြာအောင် ပြုလုပ်အားထုတ်ပေမဲ့ ငါတို့မှာ ကိစ္စငြိမ်းပေါ့၊ ချမ်းသာကိန်းကြီးပေါ်ပေါ့၊ အငြိမ်းစားလမ်းကြီးသို့ ရောက်ပေါ့လို့ ဘယ်တော့မှ ထင်စားစရာမရှိကြဘူး။ လှုပ်လေမြုပ်လေဆိုတဲ့ စကားမျိုးလို သံသရာလက်ရိုးအလုပ်ကြီးတွေဆိုတာ ကြာကြာကြီးလုပ်လေ၊ သံသရာမှ ကြာကြာကြီးမြုပ်လေသာ ဖြစ်ကြတယ်"

"အဲဒါကြောင့် သားကျွေးမှု၊ မယားကျွေးမှု၊ အိမ်ထောင်ရေးအမှု၊ တုရေးပရေး၊ ဂုဏ်ပြိုင်ရေးအစရှိတဲ့ သံသရာ လက်ရိုးအမှုကြီးတွေကို ဗာလုသယုက္က အလုပ်ရှုပ်ကြီးတွေရယ်လို့ ပညာရှိသူတော်ကောင်းကြီးတွေက မိန့်ဆိုတော်မူကြတာပေါ့"

"ဗာလာနံဥဿုက္ကောတိ ဗာလုဿုကော ဒီလိုဝိဂြိုဟ်ပြုရမယ်လို့ ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး မိန့်ကြားတော်မူဖူးတယ်၊ ဗာလာနံ ဘာမှန်းမှမသိသော ပုထုဇဉ်သတ္တဝါတို့၏ ဥဿုက္ကော၊ အပင်ပန်းခံကာ အဆမတန်ကုန်းရုန်း၍ အရှုံးအဖတ်တင်အောင်ပြုလုပ်အားထုတ်ခြင်းတည်း။ ဣတိတသမာ၊ ထိုကြောင့် ဗာလုသုက္ကော၊ဗလုသုက္ကမည်တဲ့၏"

mgyoe.com

mgyoe.com


ဘုန်းတော်ကြီးကား၊ အသံဝါပြတ်သားစွာနှင့် နက်နဲသောတရားတော်များကို ဟောကြားတော်မူရာ  လူကြီး ၄ ဦး ၊ ၅ ဦးမှအပ၊ ကျန်ပရိသတ်များ မျက်တောင်စင်းသူစင်းပြီးလျှင် အပျင်းကြီး ပျင်းကြကာ၊ အချို့မှာ အိပ်ငိုက်၍ ပင်နေကြသည်။ နေရာမှ ထသွားခြင်းကိုကား မငုံကြပေ။

ရွှေတိဂုံကိုယ်တော်များ၏ ယပ်လှဲတရားမှ ပရိသတ်များ မပျင်းမရိနားထောင်တတ်ကြသဖြင့် ထိုထို မကြည့်ရဲ ကိုယ်တော်များကိုလည်း အပြစ်မတင်သာတော့ပေ။ ဘုန်းတော်ကြီး၏စေတနာကလည်း သူနားလည်တော်မူသလို ပရိသတ်တွေ နားလည်စေချင်သည်။ သံသရာဝဋ်အတွင်းကလွတ်ကင်းအောင်ကြံစည်ကြစေချင်သည်။ ထို့ကြောင့် ရေခဲရည် ဖန်ခွက်တစ်ဝက်မျှ အာစိုအောင်သောက်တော်မူပြီးလျှင် တရားတော်ကိုဆက်ပြန်သည်။

"သို့ကလို သံသရာလက်ရှိးကြီးတွေဖြစ်တဲ့၊ အလုပ်သမားကြီးတွေကို ဗလုသုက္ကဖြစ်ကြောင်းနဲ့ ချဲ့ထွင် ဟောပြောခဲ့ရတာက ဘာကြောင့်လဲဆိုတော့ ယခုလိုခေတ်အခါမှာ သာသနာ့လက်ရှိးဖြစ်တဲ့ အတ္တဒိဋ္ဌိဖြုတ်ကိန်း၊ အလုပ်ကြီးများကို လုပ်ကိုင်ချင်တဲ့ စေတနာကလေးများ၊ ပေါ်ပေါက်ကြပါစေတော့လို့ ဟောပြောခဲ့ရခြင်းဖြစ်တယ် ဒကာငြိမ်းရဲ့"

"အလွန်မွန်မြတ်လှကြောင်းပါဘုရား"

"အတ္တဒိဋ္ဌိဖြုတ်ကိန်းဆိုတဲ့ အလုပ်မြတ်ကြီးဆိုတာ ယခုလိုသာသနာတော်ကြီးအတွင်းမှာမှ လုပ်ခွင့်ကိုရနိုင်ကြတယ်။ အနမတဂ္ဂ သံသရာမှာလွန်စွာ တွေ့နိုင်ခဲ့တဲ့ အလုပ်ကြီးဖြစ်တယ်။ ဘုရားပွင့်တော်မူတဲ့ ခေတ်အခါကြီးကို လွန်စွာကြုံကြိုက်ခဲ့တဲ့ ဒုလ္လဘဆိုရသလို သက္ကာယဒိဋ္ဌိ ဖြုတ်ကိန်းဆိုတဲ့ အလုပ်ကြီးကိုလည်း  ဒုလ္လဘအလုပ်ကြီးနဲ့ကြုံတဲ့အခါ၊ ဒုလ္လဘသာသနာတော်ကြီးကို ခိုလှုံခဲ့ရတဲ့အတိုင်း သက္ကာယဒိဋ္ဌိဖြုတ်ကိန်းကြီးခေါ်တဲ့ ဒုလ္လဘအလုပ်ကြီးကို အားထုတ်သင့်ကြကြောင်း ကောင်းကောင်းကြီး သတိပြုကြရမယ်"

ပရတောသုညတောစေဝ၊ ပံသောအဝသဝတ္တတော။
အသာရတောဝိဓ္ဓါခန္ဓေ၊တတ္တဒိဋ္ဌိံ ပဟာတဝေ။ တဲ့ "ဝိဓ္ဓါ၊ ဒိဋ္ဌိခွာခန်း၊

mgyoe.com

mgyoe.com


စခန်းသိမြင်ပညာရှင်သည်၊ အတ္တဒိဋ္ဌိ၊ ကမ္ဘာ ကမ္ဘာသံသရာက မကွာ မကွဲ အစွဲကြီးစွဲ၍၊ အမြဲကိန်းဝပ်လာသော၊ အတ္တဒိဋ္ဌိဆိုးကြီးကို၊ ပဟာ တဝေ။ နင်လား ငါလား၊ ကြိမ်းဝါးမောင်းမဲ အားမာန်ခဲ၍ ခွာရှဲနှင့် ထုတ်ခြင်းငှာ၊ ခန္ဓေ၊ ခန္ဓာငါးပါးရုပ်နာမ်တရားတို့ကို၊ ပရတောစ၊ ငါနှင့်မဆိုင် ငါပိုင် မထား၊ တခြားပြင်ပအားဖြင့်လည်းကောင်း၊သုညတောစေဝ၊ ငါသူတစ်ပါး၊ ယောကျ်ားမိန်းမ၊ ပုဂ္ဂလနှင့်ဒေဝဗြဟ္မာ၊ သတ္တဝါအထင်အမြင်မှ စင်စင်ကြီး ဆိတ်သုဉ်းသောအားဖြင့်လည်းကောင်း၊ အဝသဝတ္တတောဝ။ အလိုမလိုက် အကြိုက်မပါ၊ ထင်ရာမြင်ရာဖြစ်ချင်ရာဖြစ်တတ်သော သဘောအားဖြင့် လည်းကောင်း၊ အသာရတောစ၊ အနှစ်ဟူ၍ မြူမငွေ့ဘဲ၊ ပြကတေ့ အကာ အတိ သဘောအားဖြင့်လည်းကောင်း၊ ပသော ဝိပဿ ယျ၊ ဝိပဿ လျှံထွန်းညို ဉာဏ်မျက်စိဖြင့် သိအောင် မြင်အောင် ထင်အောင် များများ ရှုစားရာသတည်း။”

သာဓု ... သာဓု ... သာဓု ...

တိမ်ဝေဝေ ... တိမ်ဝေဝေ ... တိမ်ဝေဝေ ...

သာဓုခေါ်သံ၊ ကြေးစည်သံကြောင့် ပရိသတ်များ ခေါင်းထောင် လာကြပြန်သည်။ ဘုန်းတော်ကြီးဟောပြောနေသော တရားတော်မှာ အတ္တဒိဋ္ဌိ ဖြုတ်ကိန်း၏ ပဏာမလောက်မျှရှိသေးရာ ထိုမျှကိုပင် ပရိသတ် များလိုက်နိုင်ပုံမပေါ်သဖြင့် အကင်းပါးသောဘုန်းကြီးက တရားကိုမဆက် တော့ဘဲ။

“ကဲ ... ကဲ ... ဒကာ ဒကာမတွေ ညောင်းလှရော့မယ်။ ဒီနေ့ဒီမျှ နဲ့ပဲရပ်ကြအုံးစို့” ဟု မိန့်တော်မူလိုက်သည်နှင့် တစ်ပြိုင်နက်ပရိသတ်များ လှုပ်လှုပ်ရှားရှားဖြစ်ကာ နေရာမှထကြသည်။ ခါးဆန့်လက်ဆန့်၊ ဇက်ချိုး လက်ချိုးဖြင့် ငြိမ်အောင့်နေရသမျှ အညောင်းဖြေကြ၏။ ဘုန်းတော်ကြီး လည်း ကုလားထိုင်မှ မတ်တတ်ရပ်တော်မူကာ ကြွမည်ရှိသောအခါ လူကြီး များကန်တော့ကြပြန်သည်။

ကော်ဇောတွေသိမ်းသူကသိမ်း၊ ထွေးခံ၊ပြာခံခွက်ယူသူက ယူဖြင့် အိမ်ကြီး၏အပေါ်ထပ်တွင် ရှင်းလင်းနေကြလေသည်။

အိမ်နီးနားချင်း ပရိသတ်များရှဲ၍ သွားကြသောအခါ အိမ်ကြီးများ

mgyoe.com

mgyoe.com


၏အပေါ်ထပ်တွင် အိမ်ရှင်များနှင့် အိမ်ဖော်များသာကျန်ရစ်ကြသည်။

အသက် ၈၅ နှစ်ခန့်၊ အရပ်၅ ပေ ၁၁လက်မခန့်၊ ဆံပင်ဆွတ်ဆွတ်ဖြူ၍ တည်သီးခန့် သျှောင်ထုံးနှင့် အဘိုးကြီး ဘိုးရဲကျော်၊ သူ၏ အရပ်မြင့်သည် ဦးအောင်ဇေယျ၏ အရပ်နှင့်အတူတူဖြစ်သည်ဟု ဂုဏ်ယူပြောလေ့ရှိသော ရွှေဘိုနယ်သားကြီးဖြစ်သည်။

အသက် ၅၅ နှစ်ခန့်၊ အရပ် ၅ ပေ ၁၀ လက်မခန့်မြင့်၍ အသားလတ်လတ်၊ နက်မှောင်သောသျှောင်ချောထုံးထားသည့် ဦးတောက်ထိန်၊ (ဘိုးရဲကျော်၏သား) 'ကုန်းဘောင်သီရိန်' သစ်စက်ပိုင်လူရည်တတ်ကြီး။

အသက် ၅၀ခန့်၊ အရပ်၅ ပေ ၅ လက်မခန့်ရှိ အသားဖြူဝင်းသည်နှင့်အညီ မွန်ရည်သန့်ရှင်းသောရုပ်နှင့် ဒေါ်ဂွမ်း၊ ဦးတောက်ထိန်၏ ဇနီး၊ ရှေးဆန်ဆန် ဘီးဆံပတ်ဆံထုံး၊ ပဒုမ္မာ မထူမပါးအင်္ကျီ၊ ယောဂီတဘက် ပခုံးတွင် သိုင်းထားသည့်။

အသက် ၂၂ နှစ်ခန့်၊ အရပ်၅ ပေ ၁၀ လက်မခန့်။ အသားဖြူနီနှာတံပေါ်နှင့် လူရွယ် မောင်ထွန်းဝင်း(ဦးတောက်ထိန်၏သားကြီးသြရသ) ရန်ကုန် တက္ကသိုလ်တွင် 'ဘီ အက် စီ' အင်ဂျင်နီယာ သင်ကြားခါစ။ သီတင်းကျွတ်ကျောင်းပိတ်တွင် ရွှေမန်းသို့ ခေတ္တပြန်လာခြင်းဖြစ်သည်။

အသက် ၂၀ခန့်၊ အရပ်၅ပေ ၅လက်မခန့်၊ အသားဖြူဝင်းနုထွားကြီးဖြစ်သော ခင်ဖြူ (ထွန်းဝင်း၏နှမငယ်)

ကုန်းဘောင်သီရိန်စက်ကြီးနှင့်တကွ ပစ္စည်းပစ္စယအားလုံးမှာ ထိုပုဂ္ဂိုလ်ငါးဦးနှင့် အညမညဆက်စပ်နေသည်။ ထိုအိမ်ကြီး၏ အရေးကြီးဆုံး ပုဂ္ဂိုလ်များမှာလည်း ထိုငါးဦးပင်ဖြစ်သည်။

အချိန်ကား မွန်းလွဲနှစ်နာရီခန့် ရှိသေး၏။ ကားဟွန်းသံတစ်ချက်ဝင်းခြံပေါက်ဆီမှ ကြားရပြီးနောက် အိမ်အောက်ထပ်ကွက်လပ်တွင် ကားရပ်သံ၊ ကားဆီပေါက်ပိတ်သံပါကြားကြပြန်သည်။ ခင်ဖြူ၏မျက်နှာသာယာပြုံးရွှင်နေခိုက် ခပ်သွက်သွက်တက်လာသော ခြေသံနှင့်အတူ "ဖြူဖြူရေ" ဟု သာယာသော အသံကြားရ၏။

အသက်၂၀ခန့်၊ အရပ် ၅ပေ ၄ လက်မခန့် အသားဝါဝင်း၍ အတော်ကြီး ချောသောမိန်းမပျိုတစ်ယောက် တက်ရောက်လာသည်။

mgyoe.com

mgyoe.com


ခင်ဖြူသည် မိန်းမပျိုတက်လာရာသို့ ဆီးကြိုကာ လည်ပင်းကိုဖက်၍ ညှော့ခန်းဆီသို့ လာကြပြန်သည်။ မိန်းမပျိုက

"ဖြူဖြူ လိုက်မယ် မဟုတ်လားဟင် ...."

"အို ... လိုက်မှာပေါ့ ... မြင့်ပြင့်ရဲ့ ... ကိုကို့တောင်ခေါ်ဦးမယ်"

"ဘာ ... ကိုကိုလိုက်ရမှာလဲ၊ နင်တို့ဘာသာ ကမြင်းချည်ကြ ကိုကိုမလိုက်ဘူး ... "

လူထွားကြီးသည် ရှသိုးသိုးနှင့် စောင်းငဲ့ကြည့်ကာ ဘုမှုတ်လိုက်ရာ မိန်းမပျိုမှာ မသိမသာ မျက်နှာပျက်၍ သွားရှာသည်။

မန်းရွှေမြို့တွင်ကား သီတင်းကျွတ်လ အဖိတ်နေ့၊ လပြည့်နေ့-လပြည့်ကျော်တစ်ရက်နေ့တွင် လူကြီးများ အလှူဒါနပြုကြ၍ သီလစောင့်ထိန်းကြသလောက် လူငယ်လုံမပျိုတို့မှာ ပွဲလမ်းသဘင် အပျော်အရွှင်ဖြင့် ခင်မင်ရာတစ်သိုက် ဟိုသွားလိုက်သည်လာလိုက် ဖြစ်နေကြသည်။ အထူးသဖြင့် လပြည့်နေ့နှင့် လပြည့်ကျော် တစ်ရက်နေ့များမှာ မန္တလေးတောင်ခြေရှိ ကုသိုလ်တော်ကြီး၊ ကျောက်တော်ကြီး၊ စန္ဒမုနိ စသော ဘုရားပွဲနေ့များဖြစ်သဖြင့် မန္တလေးတစ်မြို့လုံးသာမက အနီးအဝေးမြို့ရွာများကပင် လာရောက်လေ့ရှိကြသည်။

ရှေးကလို ယဉ်ကျေးဖွယ်ရာ ကုသိုလ်ပွဲသက်သက်မဟုတ်တော့ဘဲ ပျော်ရွှင်ပွဲပမာ မန္တလေးရွှေနန်းတော်ကြီး မြောက်ဘက်ကျုံးဆား လမ်းမကြီးတစ်လျှောက် အနောက်မှအရှေ့သို့လည်းကောင်း၊ အရှေ့မှ အနောက်သို့လည်းကောင်း၊ မော်တော်ကား၊ မြင်းရထား၊ ဆိုက်ကား၊ လှည်းကြမ်းစသော ယာဉ်များဖြင့် ဝါ စိမ်း နီ ပြာ ရောင်စုံ အဝတ်အဆင်များဖြင့် တစ်ဖွေးဖွေး တစ်လက်လက် ရှုပ်ယှက်ခတ်ဖြစ်၍ နေလေသည်။

လူငယ်လုံမပျို တစ်သိုက်နှင့်တစ်သိုက် တောင်ပြုံးပွဲပမာ မထိတရိ မခံချိ မခံသာ ညံစာစာနှင့် သံဝါသံကြောင်၊ လှောင်ပြောင် နှုတ်ဆက်ရတ်တရက် သောင်းပြောင်း ဖုန်တထောင်းထောင်းထကာ များစွာ ပျော်ရွှင်ကြလေသည်။

လူကြီးများကမူ ဘုရားပွဲကို နတ်ပွဲပမာ သွားလာကြသည့်အတွက် မနှစ်သက်ကြခြင်းကြောင့် ကမြင်းကြောထကြသည်ဟု ပြောလေ့ရှိ

mgyoe.com

mgyoe.com


သည်ကို လုလင်ကြီးက သံယောင်လိုက်ကာ နှမငယ်အား ပြောလိုက်မိခြင်းဖြစ်သည်။

ထိုအိမ်ကြီးသူတို့၏ အရပ်မြင့်ကို ဖော်ပြခြင်းဖြင့် မျိုးရိုးအလိုက် ကျန်းမာရေးနှင့် ကာယဗလမည်မျှဂရုပြုကြကြောင်း ထင်ရှားနေ၏။ ခင်ဖြူနှင့် သူငယ်ချင်း မြင့်မြင့်ခေါ် ခင်မျိုးမြင့်မှာလည်း အရပ် ၅ပေ ၄ လက်မမြင့်သဖြင့် ချွေးမလောင်းအဖြစ် ရွေးကောက်လိုသောဆန္ဒရှိကြသည်။

သည်နှစ် သီတင်းကျွတ်ကျောင်းပိတ်၍ သားကလေးပြန်လာလျှင် ရှေးဦးစွာ လူငယ်ချင်းရင်းနှီးချစ်ခင်စေမည်။ ထို့နောက် လူကြီးချင်းစေ့စပ်ကြောင်းလမ်းထား၍ နေ့ကောင်းရက်သာ အခါသင့်ချိန်တွင် လက်ထပ်ထိမ်းမြားရန် ရည်ရွယ်ထားကြ၏။

ခင်မျိုးမြင့်မှာ မိဘမျိုးရိုးကောင်း၏။ စက်ပိုင်ရှင်သမီးဖြစ်၍ ခေတ်ပညာတတ် သွက်လက်ချက်ချာသည်။ လိမ္မာရေးခြားရှိသည်။ ဘိုးရဲကျော်၊ ဦးတောက်ထိန်၊ ဒေါ်ဝွမ်းတို့ အထူးသဘောကျကြပြီးဖြစ်၏။ လူ့ဝွစာ မောင်နှင့်ရင်းအောင် ခင်ဖြူလမ်းခင်း၍ ဆက်သွယ်ပေးရန်လည်း တာဝန်လွှဲထားသည်။ ထို့ကြောင့် ခင်ဖြူက " ကိုကို့တောင် ခေါ်ရဦးမယ်" ဆိုတော့ ဘာ ကိုကိုလိုက်ရမှာလဲ ... စသည်ဖြင့် ဘုတောလိုက်ခြင်းဖြစ်သည်။

မောင်ထွန်းဝင်းနှင့် ခင်မျိုးမြင့်မှာ ယခုမှ မြင်ဖူးကြခြင်းမဟုတ်။ ခင်မျိုးမြင့် ၁၆ နှစ်ရွယ်၊ မောင်ထွန်းဝင်း ၁၈ နှစ် အရွယ်ကပင် စစ်ကိုင်းချောင် စစ်ပြေးဘဝက လူကြီးချင်းပိုမိုရင်းနှီးရာမှအစ ခေါ်ပြော မေးထူးလုပ်ခဲ့ဖူးသည်။

" လိုက်သွားပါသားရဲ့ " (ဦးတောက်ထိန်၏အသံ)

"ဟုတ်သားပဲ သားရဲ့၊ မိန်းကလေးတွေချည့်ဟာ" (ဒေါ်ဝွမ်း၏အသံ)

မောင်ထွန်းဝင်းသည် မိဘစကားကို နားထောင်သူဖြစ်၏။ မိဘနှစ်ပါးက ဝင်ရောက် တိုက်တွန်းသဖြင့် လိုက်ပါမည်ဟု စဉ်းစားနေခိုက်

"ခရီးအဝေးကြီး တောထဲတောင်ထဲသွားတာမှ မဟုတ်ဘဲ၊ ပြီးတော့ ကားနဲ့သွားတာပဲ ဒေါ်ဒေါ်ရယ် ...။ ကျွန်မတို့ သွားဝံ့ပါတယ်"

mgyoe.com

mgyoe.com


ခင်မျိုးမြင့်က ပြုံးချိုသောအမူအရာနှင့် ဒေါ်ပွမ်းအားလှမ်း၍ ပြောလိုက်ရာ လုလင်ကြီးသည် ဒေါပွသွားပြီးလျှင်–

"ဒါဖြင့် သွားကြ သွားကြ၊ ကိုယ်မလိုက် ရေးမှမလိုက်"

"ကောင်းပါတယ် ... ကောင်းပါတယ်၊ ပါလာရင် ဂေါင်နဲ့တွေက ယောက်ဖ ယောက်ဖ ခေါ်တာနဲ့ နောင်ဂျိန်နေမှာ မြင်သေးတယ်"

ခင်မျိုးမြင့်သည် ထိုသို့ပြောကာ ခင်ဖြူနှင့်အတူ အခန်းဆောင် တစ်ခုသို့ ဝင်၍ သွားကြ၏။ သူငယ်ချင်းမ နှစ်ယောက်စကားတပြောပြော တခစ်ခစ်ရယ်မောနေကြသံများကို အပြင်ဘက် ဧည့်ခန်းမှ ကြားနေရ၏။

"အတော်အင်္ဂါရုပ်ကောင်းတဲ့မိန်းကလေးပဲမြေးရဲ့။ ဗမာ ရှင်ဘုရင် သာရှိရင် မိဖုရားမြှောက်ထိုက်တဲ့ရုပ်မျိုးပေါ့ကွယ်"

အဘိုးကြီးက အသံအုပ်အုပ်နှင့် မြေးမလောင်း၏ရုပ်ကောင်းပုံကို ချီးကျူးပြန်သည်။ ထွန်းဝင်းကားသူ၏ ထင်မြင်ချက်ကို ဘာမျှမပြောဘဲ ကျွန်းတိုင်လုံးကြီး တစ်ခုတွင် ၂၄ လက်မ အကြီးချဲ့ ချိတ်ဆွဲထားသော ဓာတ်ပုံ တစ်ပုံကို မော့ကြည့်နေသည်။

"ကားနဲ့ပဲဟာ မစောလွန်းဘူးလား မြင့်မြင့်ရဲ့"

"မစောဘူး ဖြူဖြူ၊ ဟိုမချောတွေ လိုက်ခေါ်ရမှာနဲ့ ၄ နာရီပဲထွက် ဖြစ်ပါ့မလား ...။ ဒီကို မြင့်မြင့် အရင်လာခဲ့တာပဲ"

အခန်းဆောင်ထဲမှ စကားတပြောပြောနှင့် သူငယ်ချင်းမနှစ်ယောက် ထွက်လာကြပြန်သည်။ ကိုယ်လုံးကိုယ်ပေါက်နှင့် အရုပ်အမောင်း မတိမ်း မယိမ်း ခင်ဖြူကဖြူဝင်း၍ ခင်မျိုးမြင့်က ဝါဝင်း ပျော့ပျောင်းပုံရခြင်းသာ ကွာခြားနေသည်။ ခင်ဖြူသည် သူ့ကိုကိုအား ထပ်၍ မခေါ်ဝံ့တော့။ စစ်မဖြစ်မီထွန်းဝင်း ၁၅ နှစ်အရွယ်က တောင်ပြုံးပွဲအသွား သူ့အားမိန်းမပျို ကြီးတွေက နောက်ပြောင်ခြင်း ခံခဲ့ရဖူးသဖြင့် တောင်ပြုံးကို အမုန်းကြီးမုန်း ခဲ့၏။ ကျောက်တော်ကြီးပွဲကလည်း တောင်ပြုံးလိုပဲဟု ပြောကြသဖြင့် ဟိုစဉ်ကတည်းက ဘုရားပွဲသို့ မသွားတော့ကြောင်း ခင်ဖြူ သိပြီးဖြစ်၏။ ယခု အပါခေါ်သွားပါက သူ့အား ယောက်ဖဟု လှောင်ပြောင်ခေါ်ဝေါ်ကြ လျှင် သည်းခံမည်မဟုတ်သဖြင့် ဓာတ်ပုံကိုငေးစိုက်ကြည့်နေသော မောင် ဖြစ်သူကိုမေးငေါ့ပြကာ နှစ်ယောက်သားအောက်ထပ်သို့ ဆင်းခဲ့ကြသည်။

mgyoe.com

ဦးတောက်ထိန်နှင့် ဒေါ်ဝွမ်းလည်း အောက်ထပ်သို့ဆင်း၍ သွားကြပြန်ရာ အဘိုးကြီးနှင့် ထွန်းဝင်းသာ အပေါ်ထပ်တွင် ကျန်ရစ်ကြသည်။

■

mgyoe.com

mgyoe.com

# အခန်း (၂)

ထွန်းဝင်း ကြည့်နေသောပုံမှာ ဘိုးရဲကျော်၏ဇနီး သူ့ဘွားဘွား ဘွားစိန်ပွင့်၏ပုံဖြစ်သည်။ အသက် ၁၆ နှစ်ခန့်မျက်လုံး မျက်ဖန်ကောင်း၊ မဟာနဖူးနှင့် နှာတံပေါ်ပေါ် ဗျာပါခံချထား၏။ လည်ပင်းတွင် ရွှေနော် ဇာကုံး၊ လက်နှစ်ဖက်တွင် စတိလက်ကောက် ၁၀ ဆင့်စီ ဝတ်ဆင်ထား၍ နားတွင်စိန်နားပွင့် ပန်ဆင်ထားလေသည်။

ထွန်းဝင်းသည် ထိုပုံမှခွာခဲ့ပြီးလျှင် အခြားတိုင်ကြီးတစ်တိုင်ရှိ ပုံ တစ်ပုံကို ကြည့်ရှုပြန်သည်။ အသက် ၃၀ ခန့်၊ ပုဆိုးတောင်ရှည်၊ ပိန်းတန်း ဖိနပ်စီးထား၍ သားမွေးအင်္ကျီ၊ ရွှေကျင်ခပ်ပဝါပေါင်းထားသော ဘိုးရဲကျော် ငယ်ငယ်ကပုံဖြစ်သည်။

ထိုပုံမှတစ်ဖန်ခွာခဲ့ပြန်ကာ အခြားတိုင်ကြီးတစ်တိုင်ရှိ ပုံတစ်ပုံကို အာရုံပြောင်းလာပြန်သည်။ အသက် ၇၅ နှစ်ခန့် အမယ်ကြီးအသားအရေ တွန့်ရှုံ့လျက် မျက်ပေါက်ပင်အနည်းငယ် ကျဉ်းသယောင်ယောင်၊ နှာတံ ပေါ်ပေါ် ၁၆ နှစ်ရွယ် မစိန်ပွင့်ရုပ်ပုံနှင့် နှိုင်းယှဉ်လျှင် အတော်ကြီး ကွာခြား နေသည်။

ထိုအချိန်၌ အိမ်ဖော်များသည် အဝတ်အဖုံးများသာ အထပ်ထပ် လဲ ခဲ့ရသော ရှေးဆိုဖာများကို ဆင်တင်ကောဇောများ ဖယ်ရှင်း ထားသည့် ကြမ်းပြင်ချောတွင် နေသားတကျ ပြင်ဆင်ထားကြပြီးဖြစ်သည်။ ဘိုးရဲကျော်

mgyoe.com

မှာ ဆိုဖာတစ်ခုတွင် ထိုင်ကာ စိတ်ပုတီးစိတ်ရင်း မြေးဖြစ်သူအား အကဲခတ်ကြည့်ရှုနေသည်။

စောစောက လယ်တီဆရာတော်ဘုရား၏ တပည့်ဘုန်းတော်ကြီး ဦးနာရဒ ဟောပြသွားတော်မူသော တရားတော်ကို ဆင်ခြင်သုံးသပ်နေ၏။

ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ၊ ဇာတိပဋိသန္ဓေတည်လာသည်နှင့် တစ်ပြိုင်နက်၊ လက်ပွန်းတတီးအတူနေလာကြရာတွင် အိုမှန်းမသိအိုလာသော အပါကဠဇရာ၊ နှစ်ပေါင်းအတော်ကြာမှ ငယ်ရုပ်နှင့်နှိုင်းယှဉ်ကြည့်သောအခါ သိသိသာသာ အိုရုပ်ထင်ရှားလာသော ပါကဋဇရာ ။သည်လိုအိုမင်းလာပြီ ဆိုမှဖြင့် မော်တော်ကားစက်ပျက်ကြီးလို အစစချို့ယွင်းလာကာ ဗျာဓိဟူသော အနာရောဂါဝင်၍လာတတ်သည်။ ဗျာဓိနာဝင်၍ လာပြီဆိုမှဖြင့် မရဏတည်းဟူသော သေမင်းကိုရှောင်ကွင်း၍ မရတော့ချေ။

သံသရာတစ်ခွင် ကျင်လည်ရသောသတ္တဝါမှန်သမျှ ဇာတိ၊ဇရာ ဗျာဓိ၊မရဏ သည်တရားလေးပါးကို ရှောင်ကွင်း၍မရ။ ဘုရားရှင်သော်မှ မလွန်ဆန်နိုင်။

အဘိုးကြီးသည်သူ့ဇနီး၏ ငယ်စဉ်က ရုပ်ပုံနှင့် အိုမင်းမှ ရိုက်ကူးထားသောပုံနှစ်ပုံကို နှိုင်းယှဉ်ကြည့်ရှုကာ တရားသံဝေရရှိ နေလေသည်။ သူ၏မျက်မှောက်မှာပင် ချစ်ဇနီးအိုမင်းလျက် ရောဂါဖိစီးကာ ကွယ်လွန်သွားရှာပြီတကား။ သူကိုယ်တိုင်မှာလည်း ဗျာဓိ၏အရိပ်အရောင်များ သမ်းလျက်ရှိနေသည်။ တစ်နေ့တွင် မရဏဘက်သို့ ကူးရမည်ကားမလွဲ၊ သံသရာဝဋ်ထဲကသာ မလွတ်ဘဲနေသရွေ့ တွေ့ရမည့် လူဖြစ်လမ်းစဉ်ပါတကား။

"ဘိုးဘိုး ဟိုပုံဟာ ဘွားဘွား ၁၆ နှစ်သမီးတုန်းက ရိုက်ကူးထားတာ မဟုတ်လား"

"မဟုတ်ဘူးကွဲ့၊ ၂၆ နှစ်သမီးတုန်းက ရိုက်ကူးထားတာ"

"ဟင် ... ကျွန်တော်ဖြင့် ၁၆ နှစ်သမီးလောက်ထင်မိတာပဲ"

မောင်ထွန်းဝင်းသည် သူ၏အဘိုးအနီးရှိ ဆိုဖာတစ်ခုတွင်ထိုင်ကာ အဘိုးကြီးအား မေးမြန်းရာမှ အဘိုးကြီးက ပြန်လှန်ပြောဆိုနေခြင်းဖြစ်သည်။

mgyoe.com

mgyoe.com


"ပြီးတော့ ဘိုးဘိုးရယ်၊ ကျွန်တော် ရန်ကုန်သူငယ်ချင်းတွေက ကျွန်တော်ဟာ အင်္ဂလိပ်သွေးများတဲ့ ကပြားဖြစ်ရမယ်လို့ စွပ်စွဲနေကြတယ်။ ကျွန်တော်က မေမေနဲ့ ဖေဖေရဲ့ပုံတွေပြပြီး ဗမာအစစ်ဖြစ်တဲ့ အကြောင်း ရှင်းပြတာတောင် မွေးစားတာ ဖြစ်ရမယ်တဲ့"

"မင့်ဘွားဘွားဘက်က မျက်နှာဖြူသွေး မဖြစ်စလောက်ပါချင်ပါ မှာပေါ့ကွယ်၊ သို့ပေမဲ့ ၉၀ ရာခိုင်နှုန်းကျော်ကျော် ဗမာသွေးပါလာတယ်"

"ရာဇဝင်ထဲမှာတော့ ဘုရင့်နောင်လက်ထက်နဲ့ အလောင်းဘုရား လက်ထက်တုန်းက စစ်ပွဲက သုံ့ပန်းအဖြစ်၊မျက်နှာဖြူတွေဖမ်းလာပြီး စစ်ကိုင်းနယ်ဘက်ရွာ ချောင်းဦးစတဲ့နေရာတွေ၊ တချို့ ရွှေဘိုနယ်မှာ မူးသာ၊ သက်ပေးချမ်းသာရွာစတဲ့နေရာတချို့ နေရာချထားလို့ သူတို့အဆက် အနွယ်တွေ ပေါက်ဖွားလာတယ်လို့ ဆိုတာပဲ"

"အေး ... အေး၊ မင်းလည်း ရာဇဝင်နားလည်သားပဲ၊ ဘိုးဘိုးတို့က ရွှေဘိုနယ် သက်ပေးရွာဇာတိကွဲ့"

"ဟင်ဒါဖြင့် ဘိုးဘိုးလည်း အဲဒီ ဘရင်ဂျီတွေ အဆက်အနွယ်ပေါ့"

"မဟုတ်ပါဘူး၊ ဘိုးဘိုးက ဗမာအစစ်။ အေး ... မစိန်ပွင့်ကတော့ ဟိုရှေးဘိုးဘေးက မျက်နှာဖြူသွေး နည်းနည်းပါးပါးရှိမှာပေါ့ကွယ်"

"ဘိုးဘိုး အဲဒီတုန်းကအကြောင်း ပြောပြပါလား။ ကျွန်တော်မှတ် သားပါရစေ"

"ဘိုးဘိုး ဥပုသ် စောင့်ထားတယ်မြေးရဲ့"

"ဥပုသ်စောင့်ထားတာ ဘာဖြစ်သလဲ ဘိုးဘိုးရဲ့၊ မြတ်စွာဘုရား သခင်ကိုယ်တော်တိုင်တောင် နိလိနိကာဇာတ်၊ အလမ္ဗုသာဇာတ်၊ မဟာ ကုဏာဠ ဇာတ်တော်တွေ ဟောတော်မူသေးတာပဲ"

"အေး ... အေး၊ မြေးပြောတော့ ဘိုးဘိုး မငြင်းသာဘူးပေါ့ကွယ်"

အမှန်အားဖြင့် အဘိုးကြီးကိုယ်တိုင်ကလည်း သက္ကာယဒိဋ္ဌိမပယ် နိုင်သေးရကား သွားလေသူချစ်ဇနီးအား လွမ်းစိတ်ပေါ်နေစဉ် မြေးလူချော က မရမကပူဆာသဖြင့် လွန်ခဲ့သည့် နှစ်ပေါင်း ၇၀ ခန့်ကသူ၏ ဖြစ်ကြောင်း ဘဝလမ်းစဉ်များကို မြေးလူထွားအား ပြောကြားနေလေသည်။

mgyoe.com

mgyoe.com

# အခန်း (၃)

မြန်မာ့သက္ကရာဇ် ၁၂၄၂ ခုလောက်တုန်းက ရွှေဘိုနယ်သက်ပေး ရွာကြီးကား လူနေအိမ်ခြေ အတော်စည်ကားခဲ့ဖူးလေသည်။ သက္ကရာဇ်– ၁၁၁၅ – ၁၆ လောက်က စ၍ အလောင်းဘုရား ဦးအောင်ဇေယျ စစ်မြေပြင်မှ သုံ့ပန်းအဖြစ်ဖမ်းဆီးရရှိခဲ့သော ပြင်သစ် – အင်္ဂလိပ် စသည့် မျက်နှာဖြူများကို ရွှေဘိုနယ်သို့ ခေါ်ဆောင်လာကာ ရွာစဉ် အချို့တွင်နေရာချထားရာ၌ သက်ပေးရွာလည်း အပါအဝင်ဖြစ်၏။ ထိုမျက်နှာဖြူများနှင့် မြန်မာအမျိုးသမီးများ အိမ်ထောင်ဖက်ကာ သားသမီးအဆက်အနွယ် ပြန့်ပွားလာခဲ့သဖြင့် ရွာခံမြန်မာစစ်စစ်တို့၏အသားအသွေးက အများအားဖြင့် ခပ်ညိုညို၊ ထိုထို မျက်နှာဖြူတို့ အဆက်အနွယ်မှ ပေါက်ဖွားသူတို့မှာ အသားအရေ ခပ်ဖြူဖြူ၊ အသွင်မတူ တစ်ဆင်တစ်မှုကွဲ၍ နေကြသည်။

ရှေးဦးစွာ သုံ့ပန်းအဖြစ် ပါလာကြသော မျက်နှာဖြူတို့မှာ ၎င်းတို့၏ ဘာသာထုံးတမ်းကို စောင့်ထိန်းကြသဖြင့် ဗုဒ္ဓဘာသာမဖြစ်ဘဲ ခရစ်ယာန်ဘာသာဝင်များ အစဉ်အဆက်ဖြစ်ခဲ့ကြရာ ထိုရွာများကို 'ဘရင်ဂျီ' ရွာဟု မြန်မာတို့က လွယ်လွယ်ခေါ်ကြသည်။

မြန်မာတို့၏စာပေ သင်ကြားရေးကား ထိုစဉ်အခါက ဘုန်းကြီးကျောင်းကိုသာ အားကိုးကြလေရာ ဘုန်းကြီးနှင့်မိန်းမ မအပ်စပ်သဖြင့် မိန်းကလေးများ ပညာသင်ကြားခွင့်မရခဲ့ကြရှာပေ။ ထို့ကြောင့်လည်း ယနေ့တိုင် အထက်အညာတွင် မိန်းမများ စာရေးစာဖတ် အတတ်နည်းကြခြင်း ဖြစ်သည်။

mgyoe.com

mgyoe.com


'ဘရင်ဂျီ' ရွာများကား သူတို့၏ ပညာရေးမှာ ဥရောပတွင် လူတွေကလူတွေကို ပညာသင်ပေးသော စနစ်ဖြစ်သဖြင့် အိမ်ကျောင်းထောင်ကာ သင်ပေးကြလေသည်။ မိန်းကလေးအများပင် စာတတ်ကြသည်။ မြန်မာမိန်းကလေး၊ ယောကျ်ားကလေးများကား ဘုရင်ဂျီကျောင်း၊ ဘာသာပျက်မည်ဟု အပ်နှံခြင်းမပြုကြဘဲ ဘုန်းကြီးကျောင်းတွင်သာ ယောကျ်ားကလေးများအား အပ်နှံထားကြသည်။

မြန်မာစစ်စစ်ထဲမှ အရွယ်နှင့် မလိုက်ထွားကျိုင်းလှသော ကိုရင်လူထွက်သာသာ မောင်ရဲကျော်ဆိုသူ လူငယ်တစ်ယောက်သည် ဘရင်ဂျီကျောင်းသို့ ဝင်ရောက်သင်ကြားသည်ကိုပင် အချို့မြန်မာများက ဘာသာပျက်စီးလိမ့်မည်ဟု ကဲ့ရဲ့ကြသေးသည်။ ထိုကျောင်းသို့ဝင်ရောက်သင်ကြားရသဖြင့်လည်း မစိန်ပွင့်နှင့် အကြောင်းဆုံခွင့် ရရှိခြင်းဖြစ်သည်။

ကျောင်း၊ ကျောင်းသား ကလေးများမှာ ဂါပန်ဝတ်၊ ဘောင်းဘီဝတ်များ မဟုတ်ကြပေ။ အသားဖြူဖြူ၊ မည်းမည်း ယောကျ်ားကလေးမှန်သမျှ ထိုးကွင်းမင်ကြောင်နှင့် ပုဆိုးရှည်၊ အချို့ကိုယ်တုံးလုံး အချို့ဖျင်ခါသာ လက်ကျပ်အင်္ကျီ မိန်းကလေးများမှလည်း ထမိန်(ထဘီ) ငယ်လျှင် အထက်ပိုင်းဗလာ၊ အရွယ်အနည်းငယ်ထောက်လာလျှင် ဖျင်ခါသာ လက်ကျပ်ကုလားနိုနှင့် အင်္ကျီများဝတ်ဆင်ကြသည်။

တုံ ... တုံ ... တုံ ... တောက် ... တောက် ... တောက် ဝါးလုံးခေါက်သံဖြစ်သည်။ အတော်ကျယ်လောင်၍ သက်ပေး ဘရင်ဂျီကျောင်းက နေ့လယ်စာစားဆင်းသော ခေါက်သံဖြစ်ကြောင်း ကြားရသူတိုင်း နားလည်ကြ၏။ ကျောင်းသား၊ ကျောင်းသူတစ်သိုက် ထန်းသားတိုင်၊ ထန်းလက်မိုး...၊ ဝါးထရံကာ ကျောင်းခန်းကြီးမှ အသီးအသီး ထွက်၍ လာကြကာ အချို့အိမ်သို့ပြန်ကြ၊ အချို့ကစားနေကြ၍ အချို့မှာ ရွာ့ပြင်ဘက်သို့ထွက်နေကြလေသည်။

အရောက်ခက်ပါဘိ မြောက်ဘက်ကယ်တို့ရွာ၊ ခုအခါမှာ ရှုစရာလယ်ညိုဝင်းချိန်မို့၊ ဆည်လျှိုတွင်းပြန့်ပြက်ဟာမှာ ကန့်ပက်ကာ ဆူတဲ့ငါးရယ်နှင့် အနားတွန့်ချဉ်ပေါင်နီ ဒေါ်လီကျိုတဲ့ ဟင်းကိုလေး ... ။

ရွာ၏ အပြင်ဘက် ခပ်လှမ်းလှမ်းရှိ လယ်တဲတစ်ခုဆီမှ လယ်

mgyoe.com

mgyoe.com


သမား ယောကျ်ားတစ်ယောက် သီဆိုလိုက်သော လွမ်းချင်းသံဖြစ်သည်။ လွန်ခဲ့သည့် ၅ နှစ် (၁၂၆၃ – ၃၇) လောက်က ရတနာပုံနေပြည်တော် သတင်းစာဆရာ ဆရာထင် (ရဟန်းဘွဲ့– ဦးဝဇိရ) သူ့ဇာတိ ရွှေဘို မြောက်ဘက်ကို လွမ်းဆွတ်သဖြင့် ရေးစပ်ပေးပို့လိုက်သော လွမ်းချင်းကို တစ်ယောက်မှ တစ်ယောက် တစ်ဆင့်ကူးကာ ရင့်ကျူးနေကြဟန်တူသည်။

(အမှာ – ခင်ဦး၊ ဘဒေါင်းလှ၊ ထန်းတစ်ပင်၊ ကန့်ဘလူတို့မှာ ရွှေဘိုမြောက်လက်ဖြစ်၏။ မုဆိုးချို၊ ဟန်လင်းကြီး၊ ဝက်လက်စသည်တို့မှာ ရွှေကိုတောင်လက်။ ရေဦး၊ တန့်ဆည်၊ဒီပဲရင်းတို့မှာ ရွှေဘိုအနောက်လက် ဖြစ်၏။ မူးသာ၊သက်ပေးမှာ ရေဦးနယ် အပါအဝင်ဖြစ်သည်။)

ထိုအချိန်၌ ကဘိုးရွာ ရေကာတာမှာ စိတ်ကူးမျှ မထည့်ရသေးပေ။ မိုးကောင်းလယ်မြေဆိုသည့်အတိုင်း မိုးကောင်းပါမှ လယ်မြေစိုက်ပျိုးရ သည်။ မိုးခေါင်လိုက်ပြီဆိုမှဖြင့် လယ်မြေမလုပ်ရ၊ ငတ်ပြတ်ကြကာ ကြွေးဥ များကိုတူး၍ စားကြရတတ်သည်။ ရေအဖို့အားထားရာကား မူးမြစ်နှင့် မူးမြစ်မှတစ်ဆင့် မြင်းခွာတောင်နားမှ ရွှေဘိုနန္ဒာကန်တော်ကြီးအရောက် အလောင်းဘုရား သုံးရက်တည်းနှင့် ဖောက်လုပ်ခဲ့သော ၁၄မိုင်ခန့်ရှည်သည့် တူးမြောင်းတော်ကြီးတစ်ခုသာရှိသည်။

မိုးကောင်းလျှင်လယ်ကောင်း၍ ကောက်ပင်များစိမ်းလန်းဝေဆာ၍ နေသည်။ ကောက်ပင်မဆိုထားဘိ အခြားသစ်သီးဝလံပင်များပင် သီးပွင့် မြိုင်မြိုင်ဖြစ်ကြသည်။ "ရွှေဘိုချဉ်ပေါင်ခုနစ်တောင်၊ ဖူးခေါင်ဝေလို့ဖြိုး" ဟူသော စာဆိုနှင့် အညီချဉ်ပေါင်ပင်များပင် လူ့တစ်ရပ်သာသာ မြင့်လျက် ပွင့်သီး ဝေဆာနေသည်။

ဝါဆို – ဝါခေါင်– ရေဖောင်ဖောင်ဆိုသည့်အတိုင်း မိုးကောင်း ကောင်းရွာချလိုက်သဖြင့် တော်သလင်းသီတင်းကျွတ်လများတွင် ကောက် ပင်များသည် မြရည်လိမ်းသလိုယိမ်းနွဲ့ဖန်ဖန် သီးနှံဖြိုးဖြိုးနှင့် ဖြစ်၍ နေကြ သည်။

အဇင္ဈာတစ်ခွင်ကောင်းကင်ပြင်မှလည်း မိုးသားတိမ်လိပ်များ တရိပ်ရိပ်ပြေးလွှားနေရာမှ ဖြူဖွေးသော ဗျိုင်းငှက်များပျံသန်းလာကြကာ လယ်ကန်းသင်းနားမှာ စန္ဒရီခြေလှမ်းကြဲကြီးနှင့် လမ်းလျှောက်သလို ငါး

mgyoe.com

mgyoe.com

ကောက်ရန် အလစ်ချောင်းနေကြသည်။ ဟိုး ... ဟိုး ... ဂူး ... ဟူး ... ဟူး... တောက် ... တောက် ... တောက် ... စသည့်စာချောက်သံကလည်း တညံညံ။ လယ်ကွင်းနှင့် ခပ်လှမ်းလှမ်းရှိ မြက်စိမ်းစိုများကိုလည်း နွားထီး၊ နွားမ၊ နွားကလေးများမကျန် မြီးတံတလှုပ်လှုပ်နှင့်တကုပ်ကုပ် ရွှေ့လျား စားသောက်နေကြလေသည်။

"ရဲကျော်ရေ ... ဒီအပင်က ချဥ်တယ်ကွာ"

အသက် ၁၃နှစ်ခန့် လုံမငယ်တစ်ယောက် ဆီးပင်အောက်တွင် ဆီးသီးမှည့်တစ်လုံးကို တစ်ခြမ်းကိုက်ဝါးပြီး ကျန်တစ်ခြမ်းလွှင့်ပစ်လိုက်ကာ သူ့အနီးရှိအသက် ၁၇ နှစ်ခန့် လုလင်အားပြောလိုက်ခြင်းဖြစ်သည်။

အနက်ပိန်းခံတွင် အနီကန့်လန့်စင်းပြန့်ထဘီ ခါသာကိုယ်ကျပ် အင်္ကျီတစ်ထပ်တည်း ဝတ်ဆင်ထား၍ အုပ်လုံးသိမ်းဆံမြိတ်စို့ အရွယ်ဖြစ်သည်။ အသားဖြူဝင်း၍ နုထွားကြီးဖြစ်သဖြင့် တစ်ထပ်ပါးသော ခါသာ ပိတ်လက်ကျပ် ကိုယ်ကျပ်အင်္ကျီအတွင်းက ဝါဝင်းသောရင်သားအဖူးအစိုင် များ ပြည့်တင်းမို့မောက်နေသည်။ လုလင်မှာလည်း ချည်ပုဆိုးဝတ်ဆင်၍ ဆံပင်တစ်တောင်သာသာကို ခေါင်းရေဆိုး တဘက်ငယ်နှင့် ပတ်၍ထား သည်။

ထိုခေတ်၊ ထိုအချိန်က လုလင်၊ လုံမပျိုများ စည်းစောင့်ကြသည်။ တောထဲတွင် နှစ်ယောက်ချင်းတွေ့ကြုံကြစေကာ ကျူးလွန်စော်ကားမှုများ မရှိ။ တစ်ကြိမ်သောအခါက ကျွဲကျောင်းရာတွင် သာတုတ်ဆိုသော လူရွယ် တစ်ယောက်က ကလေးမတစ်ယောက်အား ညစ်ပတ်ဖူးသည်ကိုပင် ကဲ့ရဲ့ ပြစ်တင်၍ မဆုံး။ ကဗျာတတ်သူကလည်း ... စောကြွယ်ရယ် ငါငယ်ခိုက် ဟာမို့ ... မိုက်မိတယ် ... စသော လွမ်းချင်းဖြင့် မှတ်တမ်းတင်ဖူးသည်။

ထို့ပြင်တဝ ဓမ္မသတ်အလာရှိခဲ့သည်မှာ ကညာစာရ ပျိုနုနု၏ အဖုရင်မှာ စုံနှစ်မြွာကို မနာလိုပေ ဆုပ်ဆွဲချေသော် ငွေနှစ်ဆယ်လျော်၊ ပါးနမ်းသော်ကား၊ ရွှေလော်ရည်ရွှဲ နှစ်ကျပ်ခွဲတည့် ဆိုသည်အတိုင်း ရင်သားဆွဲက ငွေ ၂၀ လျှော်ရမည်။ ပါးနမ်းက ရွှေနှစ်ကျပ်ခွဲသား လျော်ရ မည်ဖြစ်သဖြင့် ရွှေနှစ်ကျပ်ခွဲသားမဆိုထားဘိ ငွေ ၂၀ သည်ပင် အလွန် ရှားပါးသော ခေတ်ဖြစ်သဖြင့် ရှောင်ကြ၊ ရှားကြခြင်းဖြစ်သည်။

mgyoe.com

mgyoe.com


ဆီးပင်တွေက တစ်ပင်မကောင်း တစ်ပင်ပြောင်းဆွတ်ခူးစားနိုင်အောင်ပေါလှသည်။ မိုးရေကို အားမကိုးရသဖြင့် သူတို့အသက်ရှည်ရေးအတွက် အာပေါ်ဓာတ်စုဆောင်းထားကြရှာသော ရှားစောင်းပင်၊ ကျားလျှာပင်များလည်း အနှံ့အပြားပေါက်၍ နေကြသည်။ ထနောင်းပင်၊ မန်ကျည်းပင်တို့ကား အမြစ်ရှည်၍ မြေအောက်ရှိရေရောက်အောင်မြုပ်ဆင်းကုပ်တွယ်ထားကြရသည်။ လေးဖက်လေးတန်ဘယ်မှာပဲ ကြည့်ကြည့် ထန်းပင်မြင့်များ အရွက်အလက်လှုပ်ရှားနေသည်ကို မြင်ရမည် ဖြစ်သည်။

"ဒါဖြင့် ဟိုအပင်ကို ငါတက်လှုပ်ပေးမယ် နင်က ကောက်"

"အိမ်း ... လှုပ်ပေးလေ၊ ငါကောက်မယ်"

တစ်ဦးနှင့် တစ်ဦး နင်၊ ငါနှင့်ပြောဆိုနေကြခြင်းမှာ သူငယ်ချင်းချင်း ရင်းနှီး၍မဟုတ်၊ ဓလေ့ထုံးစံဖြစ်သည်။ ရွှေနန်းတော်နှင့် ရွှေမန်းပျော်တို့သာ ယဉ်ကျေးဖွယ်ရာထိုအခါက ကျွန်တော် ... ကျွန်မ၊ ရှင် ... ခင်ဗျာ စသည့်ဖြင့် ခေါ်ထူးမေးပြော လုပ်လေ့ရှိကြ၏။ ရွှေဘိုနယ်မှာကား အမိ အဖကိုပင် ငါဟူ၍ ပြောလေ့ရှိကြသည်။

လုလင်နှင့် လုံမငယ်သည် ဆီးပင်ကြီး တစ်ပင်အောက်သို့ သွားရောက်ကြပြန်သည်။ လုလင်သည် ဆီးပင်ကို တွယ်ကပ်၍တက်ရောက်ကာ ဝကြားမှနေ၍ ဆီးကိုင်းများကို လှုပ်ကာလှုပ်ကာ ဆီးသီးများ အညှာလွတ်အောင်ပြုလုပ်နေသည်။ လုံမငယ်သည် ကျလာသောဆီးသီးများကို တစ်လုံးပြီး တစ်လုံးကောက်ယူနေ၏။

"အမလေး ... သေပါပြီတော့"

"ဟဲ့ ... စိန်ပွင့် ဘာဖြစ်သွားတာလဲ ဟင်"

လုံမငယ် အလန့်တကြားအော်သံကြောင့် လုလင်သည် ဆီးပင်ပေါ်မှ မေးရင်း ခုန်ချလိုက်ကာ အပြေးကလေးလာ၏။ လုံမငယ်သည် ခြေတစ်ဖက်ထောက်လျှက် ခြေတစ်ဖက်မကာ ခုန်ဆွ ခုန်ဆွ ဖြစ်နေသည်။

"ကျားလျှာကြီး စူးသွားလို့၊ နာလိုက်တာကွာ"

"ဒါဖြင့် ... ထိုင် ထိုင် ... ငါနုတ်ပေးမယ်"

စိန်ပွင့်သည် ခရောင်းပင်၊ ခရာပင်များအကြား မြက်ပင်ကလေးများပေါ်တွင် ထိုင်မည့်အလုပ် ယိုင်သွားသဖြင့် ရဲကျော်က ကိုယ်ကလေးကို

mgyoe.com

mgyoe.com


ဖေးမကာထိုင်စေသည်။ စိန်ပွင့် ညာခြေဖဝါးတွင် ကျားလျှာဆူးတန်းလန်း နှင့်မြင်ရ၏။ ကျားရှာဆူးမှာ လက်တစ်လုံးနီးပါး စူးဝင်နေသဖြင့် ကျားလျှာ ဆူး အစူးခံရဖူးသူတိုင်း မည်မျှနာကျင်ရှာမည်ကို သိပြီးဖြစ်၏။

ရဲကျော်သည် စိန်ပွင့်၏ဘယ်ပေါင်ကို ဆန့်တန်းစေလျက် ညာ ပေါင်မြှောက်ကာ ဒူးကွေးစေသည်။ ပက်လက်ကလေး မလန်တလန် လက် တစ်ဖက်နှင့် ထောက်ထိန်းထားကာ ကျန်လက်တစ်ဖက်ဖြင့် သူ၏ထဘီစ ကို ဆွဲ၍ ဖုံးနေရရှာသည်။ သို့ ဆွဲဖုံးကာလက်နှင့်ထိန်းထားသည်ကိုပင် ဖြူဖွေးသော ပေါင်သားတစ်ဝက်ပေါ်နေသေးသည်။

ရဲကျော်သည် စိန်ပွင့်၏ လက်ယာဖဝါးမှ မြူမှုန့်များကို သူ့လက် နှင့် ခါချပြီးနောက် အရင်းပိုင်းကျိုး၍ လက်တစ်လုံး မရှိ တရှိ ပေါ်ထွက်နေ သော ကျားလျှာဆူးဝကို ပါးစပ်နှင့် မိမိရရ ငုံ့ကိုက်လိုက်ကာ ဆတ်ခနဲ ဆွဲနုတ်ယူလိုက်လေသည်။ ပြီးမြေမှုန့်နှင့် သွေးစို့နေရာကို သိပ်၍ပေးရင်း...

"အိမ်ကျတော့ နွားရည်သွေးလိမ်းလိုက်နော် ..."

စိန်ပွင့်သည် ခေါင်းညိတ်ပြရင်း ရှုံ့မဲ့နေရှာသည်။ မျက်ကွင်းကျယ် မျက်လုံးပြူး၊ နှာတံပေါ်နှုတ်ခမ်းထွားကြီးအား ရဲကျော်အား ရွှန်းစားကြည့်မိသည်။

"တပေါင်ပေါ်သယ်ဆိုသာ အခုမှ ငါနားလည်တယ်"

"အိုကွာ ... နောက်ပြောင်ရန်ကော"

စိန်ပွင့်သည် ညာခြေဆန့်ကာ ထဘီစကို လုံအောင်ဖုံးလိုက်သည်။ ခပ်လှမ်းလှမ်းမှ ကျောင်းသား၊ ကျောင်းသူအချို့ ကြည့်ရှုသွားသည်ကို သတိထားမိကြဟန်မတူချေ။

"ကဲ မင်းဘဇာ ပြောချင်သေးသလဲ ရဲကျော်"

"ငါနဲ့စိန်ပွင့် ဆီးပင်တွေအောက်မှာ ဆီးသီးကောက်စားကြတယ် ဆရာ၊ စိန်ပွင့်ခြေထောက် ကျားလျှာဆူး စူးတော့ ငါပါးစပ်နဲ့ ကိုက်နုတ် ပေးသားပဲ"

ဆရာဖြစ်သူက စစ်ဆေးနေသဖြင့် ရဲကျော် အစစ်ခံနေရခြင်းဖြစ် သည်။ ခပ်လှမ်းလှမ်းမှ မြင်တွေ့သူ ကျောင်းသား၊ ကျောင်းသူအချို့က ဆီးပင်အောက် ချုံကွယ်တွင် စိန်ပွင့်က အောက်မှ ပက်လက်ကလေး၊ ရဲကျော်က အပေါ်မှ ကုန်းကုန်းကြီး၊ လင်မယားလုပ်တမ်း ကစားနေတယ်

mgyoe.com

mgyoe.com

ဆရာဟု တိုင်ကြားရာမှ အမှုစစ်ဆေးနေခြင်းဖြစ်သည်။

"သဟာ ရွှေဘိုမြို့တော်ဝန်အိမ်ရောက်ရင် နင်တန်းကျမယ်။ ဘောက်မဲ့သဟာကို ငယ်ငယ်နဲ့ ကျင့်ရတာလဲ"

"ယော ... ဆရာ ငါဘဇာ နားလည်မလဲ၊ ငါပြောတယ် မဟုတ်လား ..."

"ကဲ ... နင်သွားတော့၊ စိန်ပွင့်လာခဲ့စမ်း"

စိန်ပွင့် ရှက်ကိုးရှက်ကန်း မျက်နှာအမူအရာနှင့် ဆရာ၏ ရှေ့တော်မှောက်သို့ရောက်ရှိလာပြန်သည်။ ဖျင်ထဘီအတွင်းက ပြည့်ဖြိုးသော ပေါင်တံ၊ စူကားသော တင်ပါး၊ ခါသာပိတ် အင်္ကျီအတွင်းက ပြည့်ဖြိုးမို့မောက်သော ရင်သားများကို ဆရာ အကဲခတ်ကြည့်ရှုနေသည်။ ပြီးမှ ပါးစပ်လှုပ်ရှားလာကာ ...

"နင်နဲ့ ရဲကျော် ဟဟှာလုပ်တမ်း ကစားကြတယ်ဆို"

"မဟုတ်ဘူး ဆရာ့၊ မဟုတ်ဘူး ဆရာ့။ ငါ့ခြေထောက် ဆူးစူးလို့ ရဲကျော်က နုတ်ပေးတာ ဟီး ဟီး ... အီး အီး"

စိန်ပွင့် ကြုံ့ကြုံ့ပါအောင်ငိုတော့လေရာ ဆရာသည် သူ၏ နှုတ်ခမ်းမွေးကျင်စွယ်ကို လက်တစ်ဖက်နှင့်သပ်ရင်း

"နင် ဆူးစူးတဲ့နေရာပြစမ်း"

စိန်ပွင့် ငိုရာက ညာခြေထောက်ကို မ၍ ဆူးစူးသောနေရာကို ပြသည်။ သို့ရာတွင် ဆရာ မယုံကြည်ချေ။

"နင်တို့ တပူးတွဲတွဲနဲ့နေတာ၊ နင့်မျက်နှာကလေးက ငယ်ငယ်မင့် နင်ကိုယ်က မငယ်ဘူး။ ကောင်လေး ကောင်မလေးတွေ အများပဲ မြင်ကြတယ်တဲ့"

"ဟင့် .... ဟင့် ဟုတ်ဖူး ... ဟုတ်ဖူး၊ ဆရာ့ကို ငါလိမ်မပြောပါဘူး"

စိန်ပွင့် ငိုရင်း ငြင်းဆန် ပြောဆိုနေရှာပြန်သည်။

ထိုကိစ္စသည် ရဲကျော်နှင့် စိန်ပွင့်၏ ကြမ္မာကို ဖန်တီးလိုက်ခြင်း ပင်ဖြစ်သည်။ ကျောင်းတွင် ကျောင်းသူ ကျောင်းသား ငယ်ငယ်ရွယ်ရွယ်မှ အပျိုပေါက်၊ လူပျိုပေါက်အထိ လက်ခံသင်ကြားပေးနေရာ ဤအဖြစ်မျိုး

mgyoe.com

mgyoe.com


သည်အလွန်ဆိုးသော သံဝါသကိစ္စဖြစ်သဖြင့် ဆရာသည် နှစ်ဖက်မိဘ အသီးအသီးသို့ အကြောင်းကြားကာ နှစ်ဦးစလုံးအား ကျောင်းမှထုတ်ပယ် လိုက်လေသည်။

"မဟုတ်ပါဘူး အမေရယ်၊ စိန်ပွင့်စည်ပုတ္တရာကျမ်းကိုင်ပါ့မယ်"

စိန်ပွင့်၏မိခင်က ကြိတ်၍ စစ်ဆေးပြန်သဖြင့် စိန်ပွင့်ပြောဆို ရခြင်းဖြစ်သည်။ ခင်ဦးနယ်ရှိ စည်ပုတ္တရာကကျမ်းမှာ ထိုခေတ်က မဆိုထား ဘိ ယနေ့တိုင် မဟုတ်မမှန် လုပ်ထားသူများ ကျိန်ဆိုရဲသူမရှိကြသေးပေ။ ရွှေဘိုနယ်တွင် အကျော်ဇေယျ၊ မဟုတ်မှန်က ဘေးဒဏ်ချက်ချင်းထိသော ကျမ်းဟု စွဲလမ်းယုံကြည်လျက်ရှိကြ၏။

လူကြီးချင်းကလည်း လယ်မြေကိစ္စနှင့်ပတ်သက်၍ သင့်မြတ် ကြခြင်းမရှိသဖြင့် စိန်ပွင့်မိဘက စိန်ပွင့်အားကျပ်တည်းစွာ ထိန်းသိမ်းထား ၏။ ရဲကျော်၏ မိဘကလည်း ရဲကျော်အား ရေဦးဆရာတော်ရှိရာ ရေဦးသို့ ပို့လိုက်လေသည်။

လူပျိုပေါက် အပျိုပေါက် နှစ်ယောက်စလုံး ထွားထွားကြိုင်းကြိုင်း ကြီးတွေ ဖြစ်ကြစေကာ ရိုးရိုးပင် ခင်မင်လာကြသည်။ ကျောင်းသားတွေ က မမှန်မကန်စွပ်စွဲ၊ ဆရာကအမှန်ဟု ဆုံးဖြတ်ပြီးနောက်တွင်မူ နှစ်ယောက် စလုံး စိတ်ပြောင်း၍ သွားကြသည်။

"ဟော့ ... ရဲကျော်၊ ကောင်မလေးက ၁၃ နှစ်ဆိုပေမဲ့ ဧရာမ မိန်းမ ကြီးလောက်ပဲ။ မင်းကလည်း ထွားထွားကြိုင်းကြိုင်းကြီးဆိုတော့ ဟီဟိ..."

သူငယ်ချင်းများက လှောင်ပြောင်ပြောဆိုကြရုံသာမက စိန်ပွင့်၏ ပဥ္စငါးပါး၊ခန္ဓာကိုယ်အနေအထားပါ ဖြစ်နိုင်ပုံတွေကို ပြောကြားနေသဖြင့် ထိုစဉ်ကရိုးရိုးစိတ်မှာ တွေးမိုတ်စဉ်းစားတိုင်း ကာမဆန္ဒတွေပေါ်၍နေမိ သည်။

စိန်ပွင့်မှာလည်း အပေါင်းအသင်း လုံမပျိုများက ပြောင်လှောင် ကျီစယ်မေးမြန်းကြသဖြင့် သူ့ခမျာမှာ အရိုးခံမှ အဆိုးညဏ်ကလေးများ ပေါ်ပေါက်သွားရှာပြန်သည်။

ဆရာနှင့် လူကြီးမိဘ ဆုံးမပုံမှာ လူလောက၊ လူ့သဘာဝ နားမလည်သူတို့အား နားလည်အောင် သင်ပြသကဲ့သို့ဖြစ်ရကား ယခုအခါ

mgyoe.com

mgyoe.com


များမှာ တစ်ယောက်ကိုတစ်ယောက် စွဲလမ်းချစ်ခင်နေတော့သည်။ မယ်တစ်ရှာ မောင်တစ်မြို့ဖြစ်သဖြင့်လည်း အလွမ်းအဆွေး ပိုလာကြရပြန်သည်။

ရဲကျော်က စိန်ပွင့်အား အသာပွေ့လှဲကာ ဆူးကိုနုတ်ပေးပုံ၊ ပေါင်တံဖွေးဖွေးပေါ်သွားတော့ နောက်ပြောင်ပုံများကို စိန်ပွင့်တွေးတောမိသောအခါ မနေတတ် မထိုင်တတ်ဖြစ်သလို ရဲကျော်မှာလည်း ဆီးပင်အောက်၌ဖြစ်ပျက်ခဲ့သော စိန်ပွင့်၏အမူအရာကို တွေးမြင်လေတိုင်း မချိတင်ကဲ ဝမ်းနည်းပက်လက်ဖြစ်၍နေတော့သည်။

"စိန်ပွင့်လားဟေ့၊ အမယ်လေး ထွားလာလိုက်တာ အပျိုကြီးဖားဖားဖြစ်လို့။ မင့်အဘက မင်းတို့ချစ်ခြင်းခွဲသာတော့ မကောင်းပါဘူးကွာ"

သက်ပေးရွာကလူတွေ ရေဦးသို့ ဈေးဝယ်အလာ မေးမြန်းမိရာမှ ပြန်ပြောကြသော စကားသံများဖြစ်သည်။

ထိုစကားများကြောင့်ပင် ရဲကျော် ရေဦးတွင်မနေနိုင်တော့၊ ဆရာတော်မသိအောင် သက်ပေးရွာသို့ ထွက်ပြေးလာခဲ့ပြန်သည်။ အိမ်ရောက်၍ မိဘများမေးသောအခါ မိဘကိုလွမ်းလို့ ဟုပြော၏။

× × ×

အဘိုးကြီးသည် မြေးထွန်းဝင်းအား နောက်ကြောင်း ပြောရင်း သူ့ဘဝလမ်းစဉ်ကို မနေ့တစ်နေ့က အဖြစ်မျိုးကဲ့သို့ ပေါ်ပေါက်လာဟန်နှင့် ခပ်လှမ်းလှမ်းရှိ မစိန်ပွင့်၏ရုပ်ပုံကို လှမ်းမော့ကြည့်နေပြန်သည်။

"ဒါနဲ့ ပြောပါဦး ဘိုးဘိုးရဲ့"

ကောင်းခန်းရောက်လုနီးနီးတွင် အဘိုးကြီးက စကားရပ်ထားသဖြင့် ထွန်းဝင်းက သိလိုဇောနှင့် အဆက်ခိုင်းပြန်သည်။ အဘိုးကြီးနှုတ်ခမ်းလှုပ်ရှားလာကာ ...

စိန်ပွင့်

ရဲကျော်ပြန်ရောက်လာသယ်။ နင့်ကိုလွမ်းလို့ ရေဦးက ထွက်ပြေးလာခဲ့သယ်။ နေဝင်ဖျိုးဖျအချိန်ရောက်လို့ ငါသည်ကိုရောက်မှန်း ဘယ်သူမှ

mgyoe.com

mgyoe.com


မသိကြသေးဘူး။ သက်ကြီးခေါင်းချချိန်မှာ နင်တို့အိမ်ဆောင်းက ကောက်ရိုးပုံဆီ ငါလာစောင့်မယ်၊ တွေ့ရအောင် ဆက်ဆက်ဆင်းခဲ့ပါ။

ရဲကျော်

ရဲကျော်သည် ပုရပိုက်စက္ကူပေါ်တွင် ကံ့ကူဆံနှင့် ရေးခြစ်ကာ အထက်ပါစာကို ကျောင်းနေဖက်သူငယ်ချင်းမတစ်ယောက်အား တိတ်တဆိတ်ပေးရန် မှာကြားလွှတ်လိုက်၏။ အမှန်အားဖြင့် ရဲကျော်နှင့် စိန်ပွင့်မှာ ခင်မင်ရင်းနှီးသော ကျောင်းနေဖက်မျှသာဖြစ်၍ သမီးရည်းစားမဖြစ်ခဲ့ကြသေးပေ။ သို့ရာတွင် သူ၏စိတ်၌ ဖွဲလမ်း ချစ်ခင်နေပြီဖြစ်သောကြောင့် စိန်ပွင့်လည်း သူကဲ့သို့ပင် ချစ်ခင်ရမည်ဟု ယုံကြည်စိတ်ချ၍ ချိန်းဆိုခြင်းဖြစ်သည်။

သက်ကြီးခေါင်းချအချိန်သို့ရောက်သောအခါ ရဲကျော်သည် စိန်ပွင့်၏မိဘအိမ်သို့လာခဲ့သည်။ လူအရိပ်အခြည် ကြည့်ပြီးနောက် ကောက်ရိုးပုံအနီးသို့ကပ်လိုက်၏။ စိန်ပွင့်ကို မတွေ့ရသဖြင့် စိတ်တထင့်ထင့် ဖြစ်နေစဉ် ရှပ်ခနဲခြေသံကြားသဖြင့် ကြည့်လိုက်ရာ ပြန့်ထဘီရင်လျားနှင့် မိန်းမထွားကြီးတစ်ယောက် ကြယ်ရောင်အောက်တွင် အဖွေးသား မြင်ရသည်။

"စိန်ပွင့်" "ရဲကျော်" တစ်ဦးကို တစ်ဦး တိုးတိုးခေါ်ကြကာ သွေးနှိုးထားသလို နှစ်ယောက်သား ဖက်၍ထားမိကြသည်။

"ငါ နင့်ကို သိပ်လွမ်းတာပဲ စိန်ပွင့်ရာ၊ နင်ကော လွမ်းဘူးလား"

"ငါလည်း လွမ်းတာပဲ ရဲကျော်ရ၊ မင်းက စာလေးဘာလေး မပေးဘဲကိုး"

"နင့်အဖနဲ့ အမေသိသွားမှာစိုးလို့ မပေးရတာပါဟာ။ ငါချစ်သလို နင်ချစ်တယ်နော် စိန်ပွင့်"

"အေးပါဟ ... ချစ်တာပေါ့"

နှစ်ယောက်သား ဆိမန်းမန်း၏သို့ တိုးတိုးရှင်းရှင်းနှင့် ရိုးရိုးဘွင်းဘွင်းပြောနေကြသည်။ ရဲကျော်သည် စိန်ပွင့်၏ ပါးပြင်နှစ်ဖက်ကို ကြူကြူမွှေးသည်တိုင်အောင် စိန်ပွင့်ရှန်းဖယ်ခြင်းမရှိ၊ အလိုက်သင့်မော့ပေးရှာသည်။

mgyoe.com

mgyoe.com


ရဲကျော်က စိန်ပွင့်၏ပခုံးနှစ်ဖက်ကို အသာနှိပ်ရင်း "ထိုင်ကြဦးစို့ဟာ" ဟု အနည်းငယ်ပြန့်ကျဲနေသော ကောက်ရိုးကမွလာပေါ်သို့ နှစ်ကိုယ်ပင် ယှဉ်လျှ ထိုင်ချလိုက်ကြ၏။ စိန်ပွင့်ရင်ဝတ်လျှောကျသွားသည်ကို ကပျာကယာ ဖမ်းယူ၍ ဝတ်လိုက်ရသည်။

ကောက်ရိုးနံ့ တသင်းသင်းနှင့် လမင်း၏အစား ကြယ်တာရာများ က အရောင်တပြက်ပြက်နှင့်ပြောင်လက်နေကြစေကာ၊ အဝေးကကြည့်လျှင် ချစ်သူနှစ်ဦးအား မည်သူမျှ မြင်ရမည်မဟုတ်ချေ။

ကောက်ရိုးသိမ်းချိန်ဖြစ်၍ နေ့ခင်းက မောပန်းသမျှ ညချမ်းကျမှ စိတ်ချလက်ချအိပ်ကြရသဖြင့် သက်ပေးတစ်ရွာလုံး တိတ်ဆိတ်နေလေ သည်။ တစ်ချီတစ်ချီ ခွေးဟောင်သံနှင့် ခွေးအူသံများကိုကြားရ၏။လေပြည် လေညင်းကလေးများသည် ကောက်နံ့ကိုသယ်ဆောင်ကာ ချစ်သူနှစ်ဦး၏ နှာဝတွင် မြူးပျံ့နေလေသည်။

"ငါ့မိဘကလည်း သဘောတူမှာမဟုတ်ဘူး၊ ဘယ်လိုလုပ်ကြ မလဲ ရဲကျော်"

စိန်ပွင့်သည် ရဲကျော်၏ရင်ခွင်ထဲတွင် ပက်လက်ကလေးလှန်ကာ ရဲကျော်၏လည်ပင်းကို ဟီးလေးခိုသလို ဖက်ထားရင်း မေးလိုက်ခြင်းဖြစ် ၏။

"အိမ်း ... ခက်သာပဲ၊ ငါ့မိဘကလည်း ငါတို့ချစ်နေကြသာသိရင် ဖျက်ဆီးကြမှာပဲ"

"ဒါဖြင့် ... ကနေ့ည ထွက်ပြေးကြစို့လား"

၁၅ နှစ်အရွယ် အပျိုရိုင်းကလေးသည် လူထွားကြီးရဲကျော်အား အစွဲကြီး စွဲသွားပြီ ဖြစ်သဖြင့် သူကပင် ထွက်ပြေးရန် အကြံပေးပြန်သည်။ ရဲကျော်မှာလည်း အသက် ၁၉ နှစ်ရွယ် လူပျိုကြီးဖားဖားဖြစ်နေ၍ တစ်စုံ တစ်ခုကိုလုပ်မည်ဆိုလျှင် ဇွတ်တရွတ်လုပ်တတ်သည့်အတိုင်း စိန်ပွင့်အား ထူပေးကာ

"ကဲ ... နင်အိမ်ပေါ်ပြန်တက်၊ ပစ္စည်းနည်းနည်းယူ၊ လဲစရာထဘီ နဲ့ အင်္ကျီလည်းယူပြီးဆင်းခဲ့၊ ဒီကပဲစောင့်နေ ငါလာခေါ်မယ်"

ရဲကျော်သည် ထိုသို့ ပြောပြီးလျှင် သူ့အိမ်သို့ပြန်ခဲ့၏။ တစ်သက်

mgyoe.com

mgyoe.com


နှင့်တစ်ကိုယ် တစ်ခါမျှ အဒိန္နာဒါနကံ မကျူးလွန်ဖူးခဲ့ပါဘဲ ယခုမှာမူ ချစ်ရေးချစ်ကိစ္စကြောင့် မိဘများမြှုပ်ဖွက်ထားသည့် ငွေအိုးထဲမှ ဒေါင်းဒင်္ဂါး ၅၀၀ ကိုယူခဲ့ပြီးလျှင် စိန်ပွင့်ရှိရာသို့လာခဲ့ပြန်သည်။ စိန်ပွင့်ကလည်း အထုပ်ကလေးနှင့် အသင့်စောင့်နေရာ နှစ်ယောက်သား သက်ပေးရွာမှ ရေဦးသို့ ညတွင်းချင်း ထွက်ခွာခဲ့ကြသည်။

ရဲကျော်သည် တစ်လံခန့် ဝါးရင်းတုတ်တစ်ချောင်းပါ၏။ ထို ဝါးရင်းတုတ်တစ်ချောင်းရှိလျှင် လူပေါင်း တစ်ကျိပ်၊ နှစ်ကျိပ်ကို သူမမှုတော့ချေ။ ရေဦးမှတစ်ဆင့် ရွှေဘိုသို့ ခရီးဆက်ကြရာ ရေဦး – ရွှေဘို – ၁၄မိုင်ခန့်ခရီးကို စက်နာရီ ၄ နာရီလောက်နှင့် မရပ်မနား လျှောက်ခဲ့ကြရာ လင်းအရုဏ်ရောင်နီပျို့ချိန်တွင် ရောက်လာကြသည်။

လူကြီးများကား သားသမီးများ ကိုယ့်အိပ်ရာတွင် ကိုယ်အိပ်နေကြသည်ဟု မှတ်ထင်နေကြမည်။ နံနက်အိပ်ရာမတွေ့တော့မှ ထွက်ပြေးသွားကြကြောင်း သိကြပေလိမ့်မည်။ လူကြီးချင်းတစ်ဦးနှင့်တစ်ဦး မသင့်မြတ်ကြရကား ထိုအဖြစ်မျိုးကို သဘောတူကြမည်မဟုတ်၊ နှစ်ဖက်လူကြီးများကိုယ်တိုင် မြင်းနှင့်လိုက်လာကြပါက ပြန်လည်မိ၍သွားမည်ကို စိုးရိမ်နေကြသည်။

ရွှေဘိုမြို့ မုံရွာတွင်းရပ် လမ်းလေးခွ အကြော်ဆိုင်တွင် ကောက်ညှင်းပေါင်း၊ ဘူးသီးကြော်၊ ပဲကြော်များ တစ်မတ်ဖိုးမျှ ဝယ်ယူစားကြရာ အကြော်သည်အဒေါ်ကြီးပင် အံ့အားသင့်သွား၏။ အကြောင်းမူကား ကောက်ညှင်းတစ်မူးဖိုးမှာ ထမင်းစားပန်းကန်ပြားကြီး နှစ်ချပ်စာလောက် အမောက်အပြည့်ရ၍ အကြော်တစ်မူးဖိုးမှာလည်း ပန်းကြားပြားကြီး တစ်ချပ်စာလောက်ရရှိသောကြောင့်တည်း။ နံနက်ခင်းကလေးများအား ကောက်ညှင်းပေါင်း ကြေးပြားတစ်ပြားဖိုးဝယ်ပေးလျှင် ကလေးနှစ်ယောက် အဝလွေးနိုင်အောင် ပေါသောခေတ်ဖြစ်လေသည်။

နှစ်ယောက်သား အာဟာရဖြည့်တင်းကြပြီးနောက် မည်သည့်လမ်းက သွားရပါမလဲဟု လမ်းရွေးကြပြန်သည်။ ရွှေဘိုသခွတ်တောစုဘက်မှလွန်၍ တောင်ဘက်သို့ စစ်ကိုင်းအထိ (အင်္ဂလိပ် ၅၀မိုင်) သွားသော လမ်းတစ်လမ်း၊ထိုလမ်းအတိုင်းမလိုက်ဘဲ ရွာသာကြီးအရောက်တွင် ဝဲလက်

mgyoe.com

ရွေးရွာသို့ ခွဲထွက်ခဲ့ကာ ဝဲလက်ရွေးရွာမှ ပေါက်ကန်ရွာ၊ ပေါက်ကန်မှ တစ်ဆင့်ရှိမ္ဘကားရွာဆိပ်ကမ်းသို့သွားနိုင်သည်။

(အမှာ ။ ထိုစဉ်ကမီးရထားလမ်းမပေါက်သေးပေ။ နောင်မီးရထား လမ်းဖောက်သောအခါ ဘူတာနာမည်ကို အနီးဆုံးရွာ နာမည်ပေးတတ် သည်။ လမ်းပန်းဆိုင်ရာတို့က မေးသောအခါ ဝဲလက်ရွေး ဟုပြောသည်ကို လွယ်လွယ်နှင့် " ဝက်လက် " (WETLET ) ဟု သမုတ်လိုက်သည်။ ယခုအခါ အိမ်ခြေတစ်ထောင်နီးပါးနှင့် ဝက်လက်မြို့ဟု ထင်ရှားလာခြင်း ဖြစ်သည်။)

ရဲကျော်၏ ခြေဦးကား မန္တလေးသို့ဖြစ်သည်။ မင်းနေပြည်တော် တွင်အလုပ်အကိုင်ပေါသည်။ ပင်ပင်ပန်းပန်း မလုပ်မကိုင်ရ၊ သက်သောင့် သက်သာဈေးရောင်းစားရုံနှင့် ဝမ်းခါးလှနိုင်သည်ဟု သိပြီးဖြစ်၏။

ထိုစဉ်က ထန်းလျက်ချက်သည့် အရပ်ကထန်းလျက်လှည်းတွေ နှင့်မူးမြစ်ဘေး ငှက်ပျောစိုက်သောရွာများက ငှက်ပျောလှည်းတွေ့နှင့် ဆားချက်သော သခွတ်ပင်တော၊ ဟန်လင်းစသောရွာများမှ ဆားလှည်းတွေ နှင့် ဂျုံပဲပြောင်းလှည်းတွေစသည်ဖြင့် သူ့အုပ်စုနှင့်သူ တစ်ရွာမှ တစ်ရွာသို့ လှည့်လည်ကြကာ ကုန်းချင်းဖလှယ်လေ့ ရှိကြရာ ရဲကျော်မှာ ငယ်စဉ်ကပင် လိုက်ဖူးသဖြင့် ခရီးလမ်းကျွမ်းကျင်ခဲ့ခြင်းဖြစ်၏။

ရွှေဘိုက ကျောက်မြောင်းဆိပ်ကမ်းအထိလမ်းကို သူမရွေးချယ် ချေ၊ လမ်းရိုးဖြစ်၍ အလွယ်နှင့်မိနိုင်သောကြောင့်ဖြစ်သည်။

" တို့ကို မတော်တဆမိနေရင် ငါ မင်းကို အတင်းဖက်ထားမယ် မင်းကလည်း ငါ့ကိုဖက်ထား အသက်သေမှ မင်းကိုငါခွဲမယ်"

" စိတ်ချပါ စိန်ပွင့်ရာ၊ အဘနဲ့အဖေ လိုက်လာမှာ မဟုတ်ပါဘူး။။ သည့်ပြင်လူတွေ လိုက်လာရင် ဒီဝါးရင်းတုတ်နဲ့ ရိုက်ပြီးခုခံမယ် "

သခွတ်တောစုကအထွက်တွင် နှစ်ယောက်သား စိုးရိမ်သံနှင့် တိုင်ပင်ကြပြန်ခြင်းဖြစ်သည်။ ရဲကျော်သည် ဖျင်ပိုင်းနှင့်ထုပ်ထားသော ဒေါင်းဒင်္ဂါးများကို ဝါးရင်းတုတ်တွင် လျှိုကာထမ်းလာရာ စိန်ပွင့်မှာ ခါသာ ပိတ်စနှင့် ထုပ်ယူလာသော သုံ့ပစ္စည်းကလေးများကို ခေါင်းပေါ်တင်ကာ လိုက်၍လာသည်။

mgyoe.com

mgyoe.com


ဆွမ်းခံပြန်ချိန်သာသာတွင် စိုင်နိုင်ရှာ အနောက်ဘက်သို့ အရောက် နောက်သို့လှည့်ကြည့်လိုက်ရာ ခပ်ဝေးဝေးမှ မြင်း ၃စီး ဒုန်းစိုင်း လာသည်ကို မြင်ကြရသည်။

" ဟော ... ရဲကျော်ရေ လိုက်လာကြပြီ ထင်တယ်၊ ဘယ့်နှယ်လုပ်ကြမလဲ "

" မကြောက်ပါနဲ့ စိန်ပွင့်ရာ ... သူတို့မှာ တူမီးမပါပါဘူး။ အလွန်ဆုံး ဓါးပဲပါတော့မယ်။ ဓါးသမားလောက်တော့ ငါမကြောက်ပါဘူး။ သုံးယောက်မဟုတ် သုံးကျိပ်ဖြစ်ပလေစေ ငါနိုင်အောင်တိုက်မယ် "

" တို့ ခဏပုန်းရအောင်လား ... "

" မပုန်းဘူး ...၊ ပုန်းရင်ကြောက်တယ်ထင်သွားမယ် ...၊ ခပ်မှန်မှန် လျှောက်ကြစို့ "

မြင်းသမားများ နီးသည်ထက်နီးလာကြ၏။ ရဲကျော်သည် ဝါးရင်းတုတ်မှ ငွေထုပ်ကိုဖြုတ်ကာ စိန်ပွင့်အားပေးထားပြီး တုတ်ချည်း အလွတ်ထမ်းကာ လျှောက်မြဲလျှောက်လာကြသည်။

မြင်းသမားများမှာ သူတို့တွေးထင်သကဲ့သို့ အိမ်ကလိုက်လာခြင်း မဟုတ်ဘဲ သူ့ကိစ္စနှင့်သူ စစ်ကိုင်းသို့ အပြင်းနှင်လာကြသောသူများဖြစ်ကြောင်းသိရှိကြသောအခါ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ပြီးလျှင် ပြုံးမိကြသည်။

ရဲကျော်၏ စိတ်ကူးတွင် ရွာသာကြီးရွာသို့ ရောက်လျှင် လက်ရွေးရွာသို့ သွားမည်ဟုစိတ်ကူး၏။ အိမ်ကလူကြီးများသည် ကွေ့ကွေ့ကောက်သွားမည်ဟုတွေး၍ လိုက်ကြကပြန်၍ မိမည်စိုးသဖြင့် လမ်းဖြောင့်အတိုင်း စစ်ကိုင်းဆီသို့ ဦးတန်း လျှောက်လာကြသည်။

ခြေသလုံးကို အမြဲအသုံးချလာကြသော လူငယ် လူရွယ်များဖြစ်သည်တစ်ကြောင်း၊ချစ်ရေးနှင့်စစ်ပြေးလို ပြေးခဲ့ရသည် အကြောင်းများကြောင့် မောပန်းသည်ကိုဂရုမစိုက်နိုင်။ ဆားထောင်မင်းရွာတွင် တစ်ထောက်နားပြီး နောက် စစ်ကိုင်းအရောက်လာခဲ့ကြရာ ညနေနေဝင်ဖျိုးဖျ အချိန်တွင်ရောက် လာကြသည်။

စစ်ကိုင်းမြို့ သာစည်ရပ် ထမင်းဆိုင်တစ်ဆိုင်တွင် တစ်ညတည်း

mgyoe.com

mgyoe.com


ခိုပြီးနောက် နံနက်စောစော ထွက်သောကူးတို့လှေဖြင့် မန္တလေးမြို့သို့ လိုက်ပါခဲ့ကြရာ ဂေါဝိန်ဆိပ်ကမ်း ရောက်မှ ၎င်းတို့၏နေမှု အိမ်ထောင်ရေးကို စဉ်းစားကြသည်။

ရဲကျော်တွင် ဒေါင်းဒင်္ဂါး ၅၀၀ ပါလာသည်။ စိန်ပွင့်တွင်စတိ လက်ကောက် ၁၀ ရံနှင့် ရွှေနော်ဇာကုံးတစ်ကုံးပါလာသည်။ ထိုခေတ်က ဤမျှရွှေငွေသည် လူရတတ်တစ်ယောက်ကဲ့သို့ ရောင်းဝယ်ဖောက်ကားစား နိုင်သည်။ သို့ရာတွင် လူစိမ်းများဖြစ်သဖြင့် ဆင်းရဲသားယောင်ဆောင်၍ နေခြင်းကကောင်းသည်ဟု စိတ်ကူးရကာ သစ်ဖောင်ဝါးဖောင်များတွင် တင်၍ လာတတ်သော ဖောင်တဲ တစ်တဲကိုဒင်္ဂါးတစ်ပြားနှင့် ဝယ်ယူလိုက်ကာ ဂေါဝိန်ဆိမ်ကမ်းတစ်နေရာမှာပင် နောက်ထပ်မျောတိုင် တစ်ကျပ်ဖိုး ဝယ်ပြီးလျှင် တဲအိမ်ကလေး ထူထောင်လိုက်သည်။

အသပြာနှစ်ကျပ်ဖြင့် အလျား ၁၀ခန့်၊ အနံ ၆ပေခန့်တဲအိမ်ကလေးရရှိပြီးဖြစ်ရာ ဇနီးမောင်နှံနှစ်ယောက် ချောင်ချောင်ချိချိနေနိုင်ကြသည်။ ရှိမ္မကားမြေအိုး၊ ထမင်းအိုးတစ်ပြည်ဝင်တစ်လုံး၊ ဟင်းအိုးအကြီးအငယ်သုံးလုံး၊ ပေါင်းအိုးလေးလုံးကိုဒေါင်းမူးစေ့တစ်စေ့ ပေးဝယ်ရသည်။ ဆန်တစ်တင်းလောက်ဆန့်သော စဉ့်အိုးကြီးတစ်လုံးကို ဒေါင်းမူးစေ့လေးစေ့ပေး၍ဝယ်ရ၏။ ငစိန်ကြီးဆန်တစ်တင်းကို တစ်ကျပ်ခွဲ၊ ဆီတစ်ပိဿာ လျှင်ငါးမူးနှင့် ဝယ်ကာရိက္ခာဖြည့်တင်းလိုက်ကြသည်။

ရဲကျော်သည် ထမင်းတစ်နပ်လျှင် ဆန်တစ်ခွက်ချက်လောက် စားသည်။ ငါးသလဲထိုး၊ ရင်ပေါင်စာ၊ ငါးစင်ရိုင်းစသောငါးများမှာ တစ်ပိဿာမှ မူးဝက်လောက်ပေးရသဖြင့် ငါးကြေးပြား ၂ပြားဖိုး ၅၀ သားကိုလင်မယား နှစ်ယောက်ညနံနက်ဖူလုံအောင်စားရသည်။

လူမိုက်အားကိုး၊ လှေထိုး၊ လှံတိုက်ဟုဆိုရိုးစကားရှိသည့် အတိုင်း ခွန်အားဗလနှင့်ပြည့်စုံသော ရဲကျော်သည် ဂေါဝိန်ကမ်းနားရှိ လှစင်တစ်စင်တွင် အခစားလှဆွဲသည်။ အရပ်ထောင်ထောင်မောင်းမောင်း အင်အားကောင်းသော လှသမားတစ်ယောက်ဟု နောင်ခါလူသိများလာကြသည်။

ထိုအချိန်ကား ၁၂၄၃ခု မင်းကလေး (သီပေါမင်း) အုပ်စိုးခိုက်ဖြစ်သည်။ ရွှေနန်းတော်ကြီးမှာ ရွှေရောင်တပြောင်ပြောင်နှင့် ပစ္စင်၊ ရင်တား၊

mgyoe.com

mgyoe.com


တံခါး၊ ကျုံးမြောင်းတို့မှာလည်း နန်းတော်ကြီး ဂုဏ်နှင့်အညီ ပြည့်စုံကာ စီရရီ၊ ဘယ်ဆီမှ လိုလေသေးမရှိ ဖြစ်ဘိသောအခါတည်း။

ရဲကျော်သည် တစ်နှစ်ခန့်လွှသမားအဖြစ်နှင့် အလုပ်ကြိုးပမ်းလုပ်ကိုင်စဉ် မြင်လာသောအချက်မှာ လွှစင်ကိုစင်မြင့်နှင့် တင်၍သစ်များခွဲခြင်းထက် မြေလွှစင်လုပ်၍ ခွဲခြင်းက ပိုမိုလွယ်ကူ လျင်မြန်မည် ဟူသောအချက်ဖြစ်သည်။

သူကိုယ်တိုင် အလုပ်လုပ်ရာက စုဆောင်းလာသောငွေများ အနေနှင့် မြေလွှစင်တစ်ခုလုပ်၍ကြည့်၏။ အလျား ၁၅ပေခန့် အနံ၆ပေ၊ အစောက် ၇ ပေခန့်နက်သော မြေတွင်းတူး၍ မြေတွင်းကန့်လန့် မျောတုံးများခံပြီးလျှင် သစ်တုံးကြီးများကို မောင်းကုတ်တို့ဖြင့်တင်ကာ မြေတွင်းမှ တစ်ယောက်၊ မြေပေါ်မှတစ်ယောက် လွှနှင့်ခွဲနိုင်အောင်စီမံထားသည်။ မဲဇာရွှေလီမှ မျှောလာကြသော သစ်များကို ဆယ်လုံး ၁၅ လုံး ဝယ်ယူလျက် လွှသမားတစ်ဦးငှားကာ သူကိုယ်တိုင် လွှသမားတစ်ယောက်အနေနှင့် အလုပ်စခဲ့ရသည်။

၁၂၄၇ ခုနှစ်သို့ ရောက်သောအခါ မြေလွှစင် ၂၀လောက်နှင့် စင်မြင့် ၅ ခုလောက်ပိုင်ဆိုင်လာ၍ လုပ်သားလွှသမား ၅၀လောက်နှင့် အလုပ်လုပ်နေသည်။ အလုပ်တွင် စိတ်ဝင်စား၍ တိုင်းရေးပြည်ရေးကို ဂရုမစိုက်ခဲ့ချေ။

ဘုရင်မင်းမြတ်၏ မြနန်းစကြာ သင်္ဘောနှင့် စကြာယာဉ်သာသင်္ဘောတော်များ ဧရာဝတီမြစ်တွင် မီးခိုးတလူလူနှင့် သွားလာနေသည်ကို အတော်သဘောကျနေ၏။ ရှေးက လှေတက်ရိုးရိုးနှင့် တစ်လခန့်သွားရသောခရီးကို ၅ရက်ခန့်နှင့် ရောက်နိုင်သည်ဆိုသဖြင့် အံ့သြနေသည်။

ရဲကျော် မှတ်မိသေးသည် ၁၂၄၇ ခု တန်ဆောင်မုန်းလဆုတ် ၇ရက်နေ့၊ နံနက်ခင်းတွင် သူရိယအမည်ရှိဆိုက်ထားသော သင်္ဘောပေါ်မှ ဘောင်းဘီပြာရှည်၊ အင်္ကျီနီသေနတ်ကြီးတွေထမ်းလျက် ဂေါဝိန်ဆိပ်ကမ်းမှ တက်၍သွားကြသော မျက်နှာနီ၊ မျက်လုံးပြာနှင့် စစ်သားတွေ ထူးထူးဆန်းဆန်းရှိသည်နှင့် ရဲကျော်လိုက်ပါကြည့်မိသည်။

အသက် ၆၀နီးပါး ပိန်ပိန်ရှည်ရှည် အဘိုးကြီးတစ်ယောက်၊

mgyoe.com

mgyoe.com


မျက်နှာဖြူအကြီးအကဲတစ်ဦးနှင့် ဘာတွေပြောနေကြသည်မသိ၊ ပျာလောင်ခတ်နေသည်ကိုမြင်ရ၏။ အနီးရှိလူများကို မေးကြည့်မှ ထိုလူကြီးသည် ကင်းဝန်မင်းကြီးဖြစ်ကြောင်း သိရသည်။

ရဲကျော်မှာ ကိစ္စတစ်ခုကို အစအဆုံးစုံစမ်း ကြည့်ရှုလေ့ရှိသည့် အတိုင်း ဂေါ်ရာစစ်သားတွေနောက်က နောက်ယောင်ခံလိုက်သွားသည်။ စစ်သားများအခုအခံမရှိ နန်းတော်ထဲ ဝင်သွားကြသည်။ အတွင်းတွင်မည်သို့ဖြစ်ပျက်နေသည်မသိ၊ အပြင်၌ရွှေမန်းမြို့သူမြို့သားများ လှုပ်လှုပ်ရွရွ ဖြစ်နေကြသည်။ ရဲကျော်လည်း ရွှေနန်းတော်ကြီး၏ တောင်ဘက်တံခါး အနီးသို့ ရောက်နေသည်။

သည်အချိန်ကျမှ မင်းကလေးအား ကုလားတွေ ဖမ်းသွားမည့်အကြောင်း တစ်ယောက်တစ်ပေါက်ပြောကြ၍ သိရလေသည်။ မွန်းလွဲသာသာအချိန်တွင် ကျော်မိုးတံခါးမှ မျက်နှာနီစစ်သားများ၊ ထိုကြားထဲမှ မင်းမိဖုရား အရှင်နှစ်ပါး ဗီရိလှည်းနှင့် ရှေ့နောက်ညှပ်၍ ခေါ်ဆောင်လာကြသည်။

ပရိသတ်လူထုမှာ ဦးဆံဖားလျားချသူချ၊ တဘက်နှင့်မျက်လုံးအိမ်တို့ကာတို့ကာ ငိုသူငိုကြ၊ ကုလားတွေသေပါစေ၊ ဆဲသူဆဲ ရင်ကွဲပက်လက်ဖြစ်ကြသည်။ ငိုသံဆူသံကြောင့် ရဲကျော်ပင် ရင်ထဲဆို့လာသည်။ အရှင်နှစ်ပါးမှာလည်း မိမိ၏တိုင်းပြည်ကြီးနှင့် နောက်ဆုံးခွဲခွာရမည့်အဖြစ်ကြောင့် မျက်နှာတော်များ အိုကြရှာသည်။

မြန်မာပြည်၏ မြန်မာဘုရင်ကို ကုလားတွေက ဘာကြောင့် ဖမ်းရသလဲ၊ ဘုံဘေဘားမားကုမ္ပဏီက ခြေထိုးရှုပ်လိုက်သော အဖြစ်ကို သူမသိ၊ သူသိသည်မှာ မြန်မာကို ကုလားဖြူက အနိုင်ကျင့်သည်ဟူသော အချက်ဖြစ်သည်။ သူ့လုပ်ငန်းနှင့်နေအိမ်က ကမ်းနားဘက်ရှိသဖြင့် ကမ်းနားအထိလိုက်ပါလာရာ နန်းတွင်းအရေးဘာတွေပဲဖြစ်ခဲ့ဖြစ်ခဲ့ ကိုယ့်ဘုရင်နဲ့မိဖုရားကုလားခေါ်ဆောင်သွားသည်ကိုတော့ အတော်ပဲ မခံမရပ်နိုင်ဖြစ်ကြသည်။

မြန်မာအများ၊ ကုလားတွေအပေါ်အခဲမကျေ ဖြစ်ခဲ့ကြသည်ကို ကုလားဖြူများသိရှိကြပုံရသည်။ သူရိယသင်္ဘောကို ကမ်းတွင်ဆိုက်ကပ်ထားရာမှ မင်းနှစ်ပါး၊ ဆင်ဖြူမယ်စသော ပရိသတ်များပါ သင်္ဘောပေါ်

mgyoe.com

mgyoe.com


တင်မိလျှင် ကမ်းမှခွာ၍ ရေလယ်တွင်ကျောက်ဆွဲထားသည်။ လက်နက်နှင့် ခြိမ်းခြောက်၍ သင်္ဘောအနီးသို့ မည့်သည်လှေသမ္ဗန်မျှ မကပ်ရ၊ နောက်တစ်နေ့ တန်ဆောင်မုန်းလဆုတ် ၈ရက်နေ့တွင် ဧရာဝတီမြစ်ကြောင်းအတိုင်း အောက်သို့သူရိယသင်္ဘော စုန်ဆင်းသွားရာကမ်းနားမှ လက်ယှက်ကန်တော့သူ၊ ဆံဖားလျားနှင့် ငိုကြွေးသူများဖြင့် အလွန်ကြေကွဲစရာကောင်းလှသည်။

"ဒါဖြင့် သီပေါမင်းပါတော်မူပုံကို ဘိုးဘိုး ကောင်းကောင်းမြင်လိုက်ရတာပေါ့နော်"

မောင်ထွန်းဝင်းသည် သူ့ဘိုးဘိုး နောက်ကြောင်းပြန်ပြောနေသည်ကို စိတ်ပါဝင်စားစွာ နားထောင်နေရာက မေးလိုက်ခြင်းဖြစ်သည်။

"ကောင်းကောင်း မြင်လိုက်ရတာပေါ့ မြေးရဲ့။ ဘိုးဘိုးက ၂၄ ခုသား ပါတော်မူတဲ့အချိန် ၄၇ ခုဆိုတော့ အသက် ၂၃ နှစ်တောင်ရှိနေဖြင့်ကာပဲ"

"နောက် မြေလွှစင်က အခြေအနေ တိုးတက်လာတာကို ပြောပါဦး"

"သူတည်းတစ်ယောက်၊ ကောင်းဖို့ရောက်မူ၊သူတစ်ယောက်မှာ၊ ပျက်လင့်ကာသာ၊ ဓမ္မတာတည်းဆိုတဲ့ အနန္တသူရိယရဲ့စာဟာ လူတစ်ယောက်ကောင်းဖို့အတွက် လူတစ်ယောက်ကပျက်ပေးရတယ်လို့ အဓိပ္ပာယ်ရတယ်။ ဘိုးဘိုး ချဲ့ထွင်စဉ်းစားမိတာက လူတချို့ကောင်းစားဖို့အတွက် လူအများပျက်စီးဒုက္ခရောက်ပေးရတာလည်း ရှိတယ်ကွဲ့"

"ဟုတ်ကဲ့ ရှင်းပါဦး ဘိုးဘိုး"

"၁၂၄၈ ခုနှစ်မှာ တိုင်းပြည်လည်း မငြိမ်မသက်၊ ကုလားတွေလည်း ကောင်းကောင်းအုပ်မရသေးဘူး။ အကြီးအကျယ် ထောင်ပါလေရော။ ဈေးချိုတော်ကြီးပါ အဲဒီ ၄၀ ခုနှစ်က မီးထဲပါသွားတာပေါ့။ မြို့မီးလောင်တယ်ဆိုရင် မီးလောင်ခံရတဲ့ လူတွေဒုက္ခရောက်တယ် မဟုတ်လား။ အေး ... ဘိုးဘိုးတို့က ပိုချမ်းသာလာတယ်၊ အိုးအိမ်အသစ်ထူထောင်ဖို့ သစ်ဝါးလိုတော့ သစ်ဝါးနဲ့စီးပွားရှာတဲ့ ဘိုးဘိုးတို့ အကျိုးရှိတာပဲ"

"ဒါဖြင့် အဲဒီတုန်းက ဈေးချိုကြီး အသစ်ပြင်ဆောက်တာပေါ့"

mgyoe.com

mgyoe.com


"ဟုတ်တယ် ဟုတ်တယ်၊ ၄၈ခုမှာပဲ ပြန်ဆောက်တယ်။ အတော် စနစ်ကျတယ်။ အေရုံ ဘီရုံစလို့ အယ်လ်အထိ ရုံပေါင်း ၁၂ရုံရှိတယ်။ တစ်ရုံ တစ်ရုံမှာ ဈေးဆိုင်ပေါင်း ၁၉၂ဆိုင်စီရှိတယ်။ အခုလိုစည်းပျက်ကမ်းပျက် မဟုတ်ဘူးကွဲ့"

"အခုတော့ ဘိုးဘိုးရယ် မန်းဈေးချိုသာ မဟုတ်ပါဘူး၊ ရန်ကုန် သိမ်ကြီးဈေး၊ ဗိုလ်ချုပ်ဈေးတို့လည်း စည်းပျက်ကမ်းပျက်ပါပဲ။ ဒါထက် ကုန်းပေါင်သီရိန်သစ်စက်ကြီး ဘယ်တော့က တည်ခဲ့တာလဲ "

"မန္တလေးနဲ့ ရန်ကုန် မီးရထားပေါက်တဲ့ အချိန်ပေါ့ကွဲ့။ မီးရထား ပေါက်တယ်ဆိုတော့ မီးရထားလမ်းတစ်လျှောက်မှာ ရှိတဲ့မြို့တွေကို သစ် ပျဉ် အမျိုးမျိုး၊ အချိန်မြန်မြန်နဲ့ ပို့ဆောင်ပေးနိုင်တာကိုး။ မြစ်ကြောင်းကလည်း ဧရာဝတီ သဘော်ဖွင့်တော့ အလုပ်ချဲ့ထွင်ခွင့်ရခဲ့တယ်ကွဲ့ "

"ဘိုးဘိုးပြောမှပဲ တိုင်းပြည်တစ်ပြည် လမ်းပန်းဆက်သွယ်ရေး ဘယ်လောက်အရေးကြီး အသုံးဝင်တယ်ဆိုတာ ပိုပြီးနားလည်တော့တာပဲ"

" မီးရထားလမ်းမပေါက်ခင်တုန်းက လှည်းနဲ့သွားဖူးတဲ့လူတွေ မေးကြည့်တော့ မန္တလေးနဲ့ ရန်ကုန်တစ်လကျော်ကျော် သွားကြရသတဲ့။ မီးရထားနဲ့ဆိုရင် ကနေ့မနက်လိုက် နောက်တစ်နေ့မနက် ရောက်သွားတာပဲ၊ လေယာဉ်ပျံနဲ့ဆိုရင် ၂ နာရီပဲကြာတယ်လို့ ပြောကြတယ် "

" ဟုတ်တယ်ဘိုးဘိုး ဒါတောင် ဒါကိုတာလေယာဉ်နဲ့မို့၊ ဒီ လေယာဉ်ပျံတွေက ဂျစ်ကားတွေပေါပြီး ကျန်ရစ်သလို စစ်ပြီးတော့ပိုနေတဲ့ လေယာဉ်ပျံတွေပဲ။ ဂျက်လေယာဉ်ပျံနဲ့ဆိုရင် တစ်နာရီလောက်ပဲ ကြာတယ် လို့ ပြောကြတယ် "

အဘိုးကြီးသည် စကားမဆက်ဘဲ ချစ်ဇနီးဟောင်းပုံကို မော့၍ ကြည့်နေပြန်သည်။ အသက် ၂၆ နှစ်ရွယ်တွင်ရိုက်ကူးထားသော်လည်း ၁၆နှစ်သမီးလောက် ထင်ရအောင် ရုပ်ရည်နုပျိုသည်။ ထွက်ပြေးခဲ့ကြစဉ်က ပါလာသော စတီလက်ကောက်များနှင့် နော်ဇာကုံးဆင်ယင်ထားလျက် အခြားတစ်ပုံကို ကြည့်ပြန်သောအခါ အသက် ၇၅နှစ်ရွယ် အဘွားစိန်ပွင့်။

ဇာတိ၊ဇရာ၊ဗျာဓိ၊မရဏ။ ဘုန်းတော်ကြီး ဦးနာရဒ ဟောပြောသွား သော တရားတော် ကမ္ဘာတွင်ဘာသာ အမျိုးမျိုး ကွဲလွဲကြသော်လည်း

mgyoe.com

mgyoe.com


ပဋိသန္ဓေနေလာလျှင် အိုရပါမည်၊ အိုလာလျှင် နာရမည်၊ နာလာလျှင်သေမင်းလက်သို့ပါရမည်။ မည်သူမျှ မလွန်ဆန်နိုင်။ ဤတရားကိုကား ဗုဒ္ဓရှင်တော်ဘုရား ဟောကြားတော်မူခဲ့ခြင်းဖြစ်ကြောင်း လူမျိုးတိုင်းက ဝန်ခံရမည်ဖြစ်သည်။

"အေး မင်းတို့လည်း အသက်ရှင်အောင် ကြိုးစားကြ။ ပါဏာတိပါတဆိုတဲ့ သူ့အသက် သတ်ဖြတ်တဲ့လူများဟာ ဘဝအဆက်ဆက် အသက်တိုတတ်တယ်မြေးရဲ့ "

အဘိုးကြီး ပြောပြသောစကားများကို မောင်ထွန်းဝင်း မငြင်းဆန်နိုင်။ ၁၅ နှစ် သမီးအရွယ်ကစပြီး အသက် ၇၇ နှစ်အထိ ၆၂ နှစ်တိုင်တိုင် အကြင်ဇနီးမောင်နှံအဖြစ် နေခဲ့ကြရသည်။ ယခုခေတ်တွင် နေ့စဉ်နှင့်အမျှလင်ကွာ၊ မယားကွာတွေအကြောင်း သတင်းစာများတွင် တွေ့ရ၏။ ၁၅နှစ်၊ အနှစ် ၂၀ပေါင်းသင်းခဲ့သည်ကိုပင် အလွန်ကြာခဲ့သည်ဟု ထင်နေကြသည်။

"ဒါထက် ဘိုးဘိုးရယ်၊ ဖေဖေ့ကို ဘိုးဘိုးရဲ့အသက် ၃၀ရွယ်ကျမှမွေးတာ ဘာဖြစ်လို့တုန်း ဖေဖေ့ထက် အကြီးလည်း မမွေးဘူးဆို "

"ဒါလိုင်ပညာနားမလည် အသက်ငယ်ငယ်နဲ့ အိမ်ထောင်ပြုမိတဲ့အတွက်ပေါ့ကွယ်၊ စိန်ပွင့်ကလည်း ရှက်တတ်တော့ ဘယ်ဆရာဝန်မှ မပြရဲဘူး။ နောက်သူ့အသက် ၂၅နှစ်လောက်မှာ နားလည်တဲ့ဝမ်းဆွဲ ပြကြည့်တော့ ချို့ယွင်းချက်တွေ့ရလို့ ပြုပြင်လိုက်ရတယ်။ အဲဒီနောက် မင့်ဖေဖေကိုမွေးတာဘဲ "

"လာပါ မြင့်မြင့်ရဲ့ခဏလောက် တက်ပါဦး၊ မကြာရပါဘူး"

လှေကားဆီမှ ကျယ်လောင် ကျယ်လောင်နှင့် ခင်ဖြူ၏အသံဖြစ်သည်။ ခင်မျိုးမြင့်ကို အပေါ်ထပ်သို့ ခေါ်နေကြောင်းထွန်းဝင်း နားလည်၏။ အဘိုးကြီး၏အချစ်တရားကြောင့် သူ့စိတ်များ ချစ်သံသရာဘက်ပြောင်းလဲလာနေခိုက်ဖြစ်သည်။

အဘိုးကြီးသည် သူ့နောက်ကြောင်းများ ပြန်ပြောနေရသဖြင့် စိတ်လှုပ်ရှားနေရာမှ ပြန်လည် သမာဓိ ရအောင်ဟု သူ၏အခန်းဆောင်ရှိရာသို့ ထ၍သွားလေသည်။

■

mgyoe.com

mgyoe.com

# အခန်း (၄)

ထွန်းဝင်းသည် နေရာတွင်ထိုင်လျက်ပင်ရှိသေးရာ သူငယ်ချင်းမနှစ်ယောက် စကားတပြောပြောနှင့် တက်ရောက်လာကြသံကို ကြားနေရသည်။ လှေကားထိပ်သို့လှမ်းကြည့်လိုက်သောအခါ သူငယ်ချင်းမနှစ်ယောက်တစ်ယောက်လက် တစ်ယောက်ဆွဲကာ ကိုယ်လုံးပေါ်လာကြ၏။ နှစ်ယောက်စလုံး၏ ခါးတွင်အနက်နှင့်အဖြူကွက် မြန်မာရက်ချည် ဇာလုံချည်ဆင်တူ၊ ရှမ်းပင်နီ ရင်ဖုံးအင်္ကျီကိုယ်စီ ဝတ်ဆင်ထားသည်။

ရွှေမန်းသူဆိုပေမဲ့ ရွှေခြေချင်း မဝတ်ဆင်ကြ။ စိန်ရွှေလက်ဝတ်လက်စားလည်းမရှိ၊ ရိုးရိုးကလေးပင် ဆင်ပြင်ထားကြသည်။ လွန်ခဲ့သည့်နှစ်ပေါင်း ၃ဝနီးပါးက ကုမ္မာရီအမျိုးသမီးများ ခေတ်စားစဉ် ရွှေမန်းသူတို့၏ အဝတ်အဆင်ကို သတိရဖွယ်ရာ ဖြစ်၍နေသည်။ ခင်ဖြူ၏ရုပ်ကဖြူဝင်း၍ ခင်မျိုးမြင့်၏ရုပ်မှာ ဝါးဝင်းဖြစ်သည်။

"ကိုကို ဘယ်သွားမလို့တုန်း၊ ထိုင်ပါဦးကိုကိုရဲ့"

ထွန်းဝင်းနေရာမှ ထမည်အလုပ် ခင်ဖြူက ပြောလိုက်သဖြင့် ထွန်းဝင်း ကြွနေသောဖင်ကို ပြန်ချလိုက်သည်။ သူငယ်ချင်းမနှစ်ယောက်လည်း ဆိုဖာလွတ်များတွင် ဝင်၍ ထိုင်လိုက်ကြသည်။

" ဒီမယ်ကိုကို၊ အခုမြင့်မြင့်ဟာ ဟိုတုန်းက မြင့်မြင့်မဟုတ်တော့ဘူး။ လူ့ဘဝလမ်းစဉ် ရုပ်နာမ်ရဲ့ ပြောင်းလဲမှုဟာတောက်ပနေတဲ့ မီးလျှံကို

mgyoe.com

mgyoe.com


ဘယ်ကအထက် ဘယ်ကအောက် ရွေးမရသလို စီးဆင်းနေတဲ့ ရေယဉ်ကို ဘယ်ကအထက် ဘယ်ကအောက် ရွေးချယ်မရသလိုဘဲဆိုတာ ကိုကိုလည်း အသိသားနဲ့ "

"အမယ်လေး ကြီးကျယ်လိုက်တာ ဖြူဖြူရယ်၊ နင်ဘာပြောချင်လို့တုန်း"

ထွန်းဝင်းသည် သူ့နှမကို သူအထင်မကြီး၊ ရုပ်နာမ်ပြောင်းလဲမှုနဲ့ ကြီးကြီးကျယ်ကျယ်စကားပလ္လင်ခံလိုက်သဖြင့် ခပ်ပြုံးပြုံးကြည့်ရှုကာ ပြောလိုက်ခြင်းဖြစ်သည်။ ခင်မျိုးမြင့်ကားစကားတစ်ခွန်းမျှ မပြောသေး။ အစိမ်းနှင့် အဝါကွက်ပလေကတ် လုံချည်၊ ပိုးရှပ်လက်တို၊ ကိ(ပ်) ဆိတ် သံမဏိလက်ပတ်နာရီ စသည်တို့ ဝတ်ဆင်ထားသော လူထွားကြီးထွန်းဝင်း၏ မျက်နှာကို မသိမသာ အကဲခတ်ကြည့်ရှုနေသည်။ ဗိုလ်ကေဆံစများနဖူးပေါ်ဝဲလျက် မျက်လုံးမျက်ဖန်ကောင်း နှာတံပေါ် အင်္ဂလိပ်မြန်မာကပြားဟု ထင်မှားရအောင် အသားအရေ ဖြူစင်သန့်ရှင်းသည်ကိုကိုလည်း သတိထားမိဟန်တူသည်။

" ရှင်းသားပဲကိုကို၊ အခု မြင့်မြင့်ဟာ ဟိုတုန်းက မြင့်မြင့် မဟုတ်ပါဘူးလို့ "ခင်ဖြူကဆင့်ပြောလိုက်သောအခါ ထွန်းဝင်းသည် ဟိုတုန်းက မြင့်မြင့်ကို တွေးမြင်လာပြန်သည်။

လွန်ခဲ့သည့် ၅ နှစ်လောက်က အင်္ဂလိပ်တွေ မြေလှန်စနစ်နှင့် တိုက်တာအိမ်ရာ၊ အဆောက်အဦ၊ဆန်စက်၊လွှစက်တွေပါမကျန် မီးရှို့ထွက်ပြေးစဉ်က ချန်ကေရှိတ် တရုတ်ကလေးတွေကလည်း မြန်မာများအပေါ် စော်ကားသဖြင့် စစ်ကိုင်းဘက်သို့ ပြေးလွှားနေခဲ့ရဖူးသည်။

စစ်ကိုင်းတောင်ရိုး အနောက်ဘက်ရှိ ယောသီတာဝန်ချောင်တွင် ထွန်းဝင်းတို့မိဘများ ခိုလှုံနေကြရ၏။ ပထမဒါယကာများ ဖြစ်ကြသော ဦးကြာဖူး – ဒေါ်အိုးကြီးတို့ ဆောက်လုပ်လှူဒါန်းခဲ့ဖူးသော ကျွန်းတိုင်လုံးကျွတ်းပျဉ်ခင်း၊ ကျွန်းပျဉ်နံရံကာ၊ ပျဉ်အုပ်ကြွပ်မိုး ကျောင်းကြီးမီးသင့်ခဲ့ပြီးနောက် အခြားဒါယကာတစ်ဦး အသစ်ဆောက်လုပ်လှူဒါန်းထားသော အုပ်တိုက်ကျောင်းကြီးတွင် ဘုန်းတော်ကြီးများက နေရာချထားပေးသည်။

ဘွားစိန်ပွင့် ဆုံးပြီးခါစဖြစ်၍ စိတ်မကောင်းဖြစ်နေသော ဘိုးရဲ

mgyoe.com

mgyoe.com


ကျော်၊ ဦးတောက်ထိန်၊ ဒေါ်ဝွမ်း၊ ထွန်းဝင်းနှင့် ခင်ဖြူမောင်နှမ၊ အခြွေအရံများပါ ကျယ်ဝန်းသောတိုက်ခန်းတွင် နေကြရသည်။ နောက်အိမ်ထောင်စုတစ်စု ထိုတိုက်ခန်းမှာပင် တိုးလာပြန်သည်။ နောက်တိုး အိမ်ထောင်စုကား ရောက်ဖဲဆန်စက်ပိုင် ဦးမျိုးဟန်၊ဒေါ်ကြီးမြင့် ဆံတောက်ဖားကြီးနှင့် ၁၅နှစ်ရွယ် သမီးခင်မျိုးမြင့်နှင့် အခြွေအရံများ ဖြစ်သည်။

မန်းရွှေမြို့တော်ကား ရွှေနန်းတော်ကြီးကို ဗဟိုရုံထား၍ အရှေ့ပြင် အနောက်ပြင်၊တောင်ပြင်၊မြောက်ပြင် စသည်ဖြင့် ရန်ကုန်မြို့ထက်ကျယ်ဝန်းရကား ပိုက်ကျုံးရပ်ကွက်နေ လူစုနှင့် ၈၄လမ်း (ယခုဗိုလ်ချုပ်လမ်း) နေ လူစုကို မဆိုထားဘိ၊ ၈၄လမ်း တစ်လမ်းတည်းနေသူများပင် တစ်ဦးနှင့် တစ်ဦးသိကျွမ်းဖို့ ခဲယဉ်းလှ၏။

ထို့ကြောင့် ဦးတောက်ထိန်နှင့် ဦးမျိုးဟန်တို့ မသိကျွမ်းကြသည်မှာ မထူးဆန်းတော့ပေ။ ဒုက္ခသည် စစ်ပြေးဘဝကျမှ ချောင်တစ်ချောင်တည်းနေကြရသဖြင့် သိကျွမ်းကြခြင်းဖြစ်သည်။

ကုန်းဘောင်သီရိန် သစ်စက်ဆိုသည်မှာ ရွှေဘိုသားတစ်ယောက် မြေလွှစင်ကလေးကစပြီး ချွေးနှင့်ရင်းနှီးကြိုးစား၍ ကြီးပွားလာသောကြောင့် အဘဦးရဲကျော်က ထိုနာမည်ကင်ပွန်းတပ်ခြင်းဖြစ်ကြောင်း ဦးတောက်ထိန်က ပြောပြသည်။

ရောက်ဖဲဆန်စက်ဆိုသည်မှာ မန္တလေးဆန်စက်၊အလုပ်ရုံတင်းတောင်းကစ၍ ဇောတိက၊ဇောတိလစသည်ဖြင့် အမည်ကင်ပွန်းတပ်လေ့ရှိသဖြင့်ဖခင်ဦးဟန်ထွန်းကရောက်ဖဲဆန်စက်ဟုအမည်ပေးခြင်းဖြစ်ကြောင်း အမေရိကန်သူဌေးကြီး ဂျွန်ဒီရောက်ဖဲလား ... အမည်ကိုယူ၍ မှည့်ခြင်းဖြစ်ကြောင်း ရောက်ဖဲလားမှာ မီလျံနာဖြစ်၍ ထိုသူဌေးကြီးပိုင် ဒေါ်လာငွေများကိုတစ်ပြား၊ နှစ်ပြားစသည်ဖြင့် လူတစ်ယောက် မအိပ်မနေ ရေတွက်ပါလျှင် ၁၉၂ နှစ်ကြာမှ ပြီးစီးမည်ဖြစ်ကြောင်းများနှင့် ဦးမျိုးဟန်က ရှင်းလင်းပြောပြသည်။

ထိုနောက်လူကြီးများသည် ဆွေမျိုးရင်းချာကဲ့သို့ ရင်းနှီး၊ လူငယ်များလည်း မောင်နှမလို ခင်မင်သွားကြ၏။ ထိုစဉ်က ထွန်းဝင်းမှာ အသက် ၁၇ နှစ်မျှရှိသေး၍ မန္တလေးစိန်ပီတာကျောင်းမှ ဆယ်တန်းအောင်၍ ရန်ကုန်

mgyoe.com

mgyoe.com


တက္ကသိုလ်ပြောင်းမည့်ဆဲဆဲ အခါပျက်သွားခြင်းဖြစ်သည်။ စစ်ကိုင်းချောင် နေခိုက် ဂျပန်များမန္တလေးမသိမ်းရသေးခင် တောင်ဘက် တောင်နံ့ရံတွင်ရှိ ဂူကြီးအတွင်းသို့အပြေးအလွှားသွားကြရသည်ကို ကလေးများဖြစ်၍ပျော်ရွှင် စရာထင်ခဲ့ကြသည်။

တရုတ်တပ်များ တပ်ဆုတ်ပြေးလာကြရင်း စစ်ကိုင်းဘက်သို့ ရောက်လာကြသောအခါ လူသတ်၊ ဓားပြတိုက်၊ အနိုင်ကျင့်၊ မိန်းမပျို အိုရုပ် သန့်သန့်ကလေးတွေ အတင်းဆွဲ လိုက်ဆွဲဖြင့် သောင်းကျန်းနေကြသည်။ မည်သည့်ချောင်မှာ မည်သူအားတရုတ်ဓားပြတိုက်သွားပြီ၊ မည်သူ့သမီးပါ သွားပြီ၊ အရေးပိုင်ဦးရွှေသားဆီမှ ငွေတစ်သောင်းကျော်လုယူသည့်အပြင် ဦးရွှေသားအားလည်းသတ်သွားသည်စသော သတင်းဆိုးများ အဆက် မပြတ်ကြားရသဖြင့် ယောသီတာဝန်ချောင်ရှိ သမီးပျိုချောများနှင့် လူရတတ် များ စိတ်တထင့်ထင့် သတိဝီရိယကြီးစွာထား၍ နေကြရသည်။

ယောသီတာဝန်ချောင်ကား တောင်ခုလတ် တောင်ကမ်းပါးယံ တွင်ရှိ၏။ ချောင်၏နောက်ကျောဘက်မှ အထက်သို့တက်စရာ၊ ဆင်းစရာ မြောက်ဘက်တွင်တစ်လမ်း၊တောင်ဘက်တွင်တစ်လမ်းရှိ၏။ မြောက်ဘက် လမ်းခုလတ်မှ မကိုင့်မှန်ကူချောင်ဘက်သို့သွားသော တစ်လမ်းရှိ၍ တောင်ခြေမြေပြင်သို့ လူည်းတစ်စီးသာသာ တက်ဆင်းနိုင်သော ဆင်ခြေ လျှောလမ်းတစ်လမ်းရှိသည်။

ချောင်နေလူများသည် ထိုထွက်ပေါက်ဝင်ပေါက်များမှ သတိကြီး စွာထား၍ ကြည့်ရှုနေကြရသည်။ တရုတ်စစ်သားတွေ စစ်ကိုင်းတောင်ရိုး တစ်လျှောက်တွင် မွှေချင်သလိုမွှေ၍ နေကြပါပြီ။

"ဟိုက် ... သောက်ကျိုးနည်းပါပြီ၊ ထွန်းဝင်း လက်မြန် ခြေမြန် မလုပ်နဲ့နော် ... ကြားလား"

နံနက် ၁၀နာရီခန့် ထမင်းဝိုင်းကြီး နှစ်ဝိုင်းပြင်ဆင်ကာစား သောက်နေကြခိုက် ကျောင်းတိုက်တံခါးမပေါက်မှ ရိုင်ဖယ်ကိုယ်စီနှင့် တရုတ်စစ်သားသုံးယောက် ဝင်လာသည်ကိုမြင်သောကြောင့် ဦးတောက် ထိန်က သားလူမိုက်အား သတိပေးလိုက်ခြင်းဖြစ်သည်။

ထမင်းစားခိုက်ဖြစ်၍ ခင်ဖြူနှင့် ခင်မျိုးမြင့်တို့လည်း မပုန်းသာ

mgyoe.com

mgyoe.com


တော့ပေ။ ထွန်းဝင်းသည် ထမင်းပွဲမှထကာ။

" ငါ ... အင်္ဂလိပ်ကပြား၊ အင်္ဂလိပ်လူ၊ မင်းတို့လည်းအင်္ဂလိပ်နဲ့ ပေါင်းပြီးဂျပန်တိုက်တဲ့ လူမဟုတ်လား " ဟုအင်္ဂလိပ်လိုပြောသော်လည်း တရုတ်များ နားလည်ဟန်မတူ၊ ရိုင်ဖယ်လုံ့စွပ်နှင့်ပင် ထိုးချိန်ထားပြန်သည်။

" ခင်ဖြူရေ ကိုကိုဖုတ်ထားတဲ့ ပလိန်းကိတ်ရယ်၊ လက်ဖက်ရည် အချိုပွဲရယ် စားပွဲပေါ်ပြင်ထားပေ့ ... " ဟုအင်္ဂလိပ်လိုပင်ပြောလိုက်ရာ ခင်ဖြူလည်း နေရာမှထကာ ထွန်းဝင်းပြောသည့်အတိုင်း စားပွဲဝိုင်း ကုလားထိုင်များ ရံထားသည့်နေရာတွင်ပြင်ဆင်၍ ထားလိုက်သည်။ ထွန်းဝင်းက လက်ပြခြေပြနှင့်မုန့်စား လက်ဖက်ရည်သောက်ပါရစေဟု တရုတ်များအား အမူအရာပြရာ ထွန်းဝင်းတွင် လက်နက်မရှိမှန်းသိသဖြင့် သောက်စားခွင့် ပြုလိုက်သည်။

ဦးတောက်ထိန်နှင့်ဦးမျိုးဟန်မှာ ငွေမည်မျှပေးရပေးရ အရေးမကြီး သမီးပျိုချော နှစ်ယောက်ပါသွားမည်ကိုသာ အရေးကြီးနေသည်။ မျက်ပေါက် ကျဉ်းကျဉ်းတရုတ်များကလည်း မိန်းကလေးနှစ်ယောက်ကိုသာ ဂရုစိုက် ကြည့်ရင်း ရှေးဦးစွာသူတို့တတ်သည့် အင်္ဂလိပ်စကားတစ်လုံး မန်းနီး...မန်းနီး။

" ဟုတ်ကဲ့ ... ပေးပါ့မယ် ... ပေးပါ့မယ် "

လူကြီးနှစ်ယောက်ပြာပြာသလဲ ပြောကြသည်။ တရုတ်များမြန်မာ လို နားမလည်သော်လည်း ခေါင်းငြိမ့်ပြသည်ကို နားလည်သဖြင့် စောင့် နေကြ၏။ တစ်ရာတန်၊ တစ်ဆယ်တန်ငွေစက္ကူ ၅ထောင်ဖိုးကား မနည်းလှ တရုတ်များလက်သို့ ပေးအပ်လိုက်ကြသည်။ တရုတ်များသည် ငွေစက္ကူ တွေကို ဘောင်းဘီအိတ်ထဲ ဟိုဘက် သည်ဘက် သုံးယောက်မျှ၍ ထည့်နေ ကြ၏။

ထွန်းဝင်းကား ပလိန်းကိတ်စားလိုက်၊ လက်ဖက်ရည်သောက် လိုက်ဖြင့် တရုတ်စစ်သား အနုကြမ်းစီးနေသည်ကိုပင် ဘာမျှမဖြစ်သလို အေးနေသည်။ တရုတ်များလည်း ထွန်းဝင်းရှိရာသို့လာပြီးလျှင် သုံးယောက် စလုံးကိတ်မုန့်ကို ပလုတ်ပလောင်းနှင့်စားကြပြီးနောက် တိုက်နောက်ဘေး ကလစ်မည်လုပ်ကြသော ခင်ဖြူနှင့်ခင်မျိုးမြင့်အား ဆွဲကြပြန်သည်။ ဦးတောက်ထိန်၏ တပည့်ရှေ့ဘိုသား ကိုတုတ်ပေါက မကြည့်နိုင်တော့၊

mgyoe.com

mgyoe.com


မိန်းကလေးများအား အတင်းဝင်လုရာ ထွန်းဝင်းက “ ကိုတုတ်ပေါ မလုပ်နဲ့ မလုပ်နဲ့ ”ဟု အော်ဟစ်တားမြစ်မှ နောက်သို့ ဆုတ်လိုက်သည်။ သေနတ်သံဖန်းကနဲ မြည်ကာ ရိုင်ဖယ်ကျည်ဆန်တစ်ခု ကိုတုတ်ပေါ အနီးက ရှပ်ထွက်သွား၏။ ကံကောင်း၍ မထိမှန်ခြင်းဖြစ်သည်။

အခြားကျောင်းဆောင်များတွင်လည်း စစ်ပြေးများရှိသေးရာ သေနတ်သံကြားသဖြင့် ထွက်ကြည့်ကြ၏။ လက်နက်မဲ့ဖြစ်၍ ဘာမျှမတတ်နိုင်။ ရွှေဘိုသွေးပါသော ဦးတောင်ထိန်ပင်သူ့ခြောက်လုံးပြူးကို ဆွဲကိုင်ပြန်ရာ ထွန်းဝင်းက “ မလုပ်နဲ့ ဖေဖေ ” ဟု တားထားရပြန်သည်။

တရုတ်များကား ရှန်းကန်လျက်ရှိသော မိန်းမပျိုနှစ်ယောက်အား အတင်းဆွဲခေါ်သွားကြသည်။ ထွန်းဝင်းက “ ဟေ့ မရှန်းနဲ့၊ ငြိမ်ငြိမ်လိုက်သွားကြ။ ကိုကိုလိုက်ခဲ့မယ် ”ဟုအင်္ဂလိပ်လိုလှမ်းအော်ပြောလိုက်မှ ငြိမ်သက်စွာပါသွားကြသည်။ ဒေါ်ပွမ်းနှင့်ဒေါ်ကြီးမြင့်ကား တရုတ်များထွက်သွားမှ “ လုပ်ကြပါဦး၊ မကယ်နိုင်တော့ဘူးလား ”ငါးရုံ့ပြာလူးပမာဖြစ်၍နေကြရှာသည်။

“ ကဲ ... ဖေဖေ၊ ခြောက်လုံးပြူး ကျွန်တော့်ပေး ”

ထွန်းဝင်းက တောင်းယူပြီးလျှင် တရုတ်တွေ၏ နောက်မှလိုက်၍သွား၏။ တရုတ်များမှာ အနောက်ဘက် လှည်းလမ်းဆင်ခြေလျှောသို့ထွက်ခွာသွားကြခြင်း ဖြစ်သည်။ ဘိုးရဲကျော်ကား “ ငါ့မြေးလေး ရေတိမ်နစ်ပေါ့ ”ဟု တောက်တစ်ခေါက်ခေါက်နှင့် မြေးမလေး သံယောဇဉ်အတွက်မျက်ရည်ဝဲရှာသည်။

တရုတ်များကား မတရားကျင့်ရုံသာမက သတ်ပစ်ခဲ့တတ်သည်ဟုကြားဖူးသည်။ ကလေးမနှစ်ယောက်စလုံးက သတ္တိခဲကလေးတွေအသက်နှင့်အရှက်လဲမည့်အစားမျိုးဖြစ်သဖြင့် သာ၍ပူပင်နေကြ၏။ ထွန်းဝင်းလိုက်ပါသွားသည်ကို ထူပူ၍ ကြည့်ရှုပြီးမှ ထွန်းဝင်းအတွက်ပါပူပန်ကြပြန်သည်။ မည်သူတစ်ဦးတစ်ယောက်မျှ နောက်ထပ် မလိုက်ဝံ့ကြသေနတ်ပစ်သံကိုသာ နားစွင့်နေကြသည်။ ရိုင်ဖယ်သံဖြစ်က ကလေးများကိစ္စချောပြီ။ ခြောက်လုံးပြူးသံဖြစ်က ထွန်းဝင်း တိုက်ပွဲနိုင်ပြီဟု စိုးရိမ်တကြီးနှင့် နားစွင့်နေကြသည်။

mgyoe.com

mgyoe.com


နာရီဝက်ခန့်ကြာသော်လည်း ဘာသံမျှမကြားရ။ လူကြီးအားလုံး တိုက်ပေါက်မှထွက်ကြကာ အနောက်ဘက်သို့လှမ်းမျှော် ကြည့်ရှုနေကြသည်။ ထိုအခိုက်မသဲမကွဲ သီချင်းသံများကို ကြားကြသည်။ အသံအောကြီးနှင့် ယောကျ်ားသံ၊ အသံ သာသာယာယာနှင့် မိန်းမသံများ ဖြစ်သည်။ တစ်စတစ်စအသံများ နီးကပ်လာမှ " ရဲဇာနည် နွဲ့ကာအတည် ... " စသော ဆာမောင်ကြီး၏ ရဲတပ်စစ်ချီ သီချင်းသံကို ပီပီသသကြားကြသည်။

လူကိုလည်း မြင်ကြလေပြီ ဘောင်းဘီရှည်နှင့်လူထွားကြီး တစ်ယောက်။ သူ့ဝဲယာတွင် အသက် ၁၅ နှစ်ခန့် မိန်းမပျိုနှစ်ယောက် ရိုင်ဖယ်ကိုယ်စီ ထမ်းကြလျက် ...

" ဟော ... ငါ့သားကြီးလွတ်လာပြီ၊ သမီးလည်း ပါလာတယ် "

" မြင့်မြင့်လည်း ပါလာတယ် "

လူကြီးများဝမ်းသာလွန်းသဖြင့် ခုန်ဆွခုန်ဆွပင် ဖြစ်နေကြသည်။ ဘယ်ပုံ ဘယ်နည်းဖြစ်ပျက်လာကြသည်ကိုလည်း သိလိုကြပြီး ထွန်းဝင်းတို့ တိုက်ရှေ့ရောက်လာကြသောအခါ လူကြီးများ ဖက်ကြီးရမ်းကြီးပင် လုပ်နေကြသည်။ အခြားကျောင်းဆောင်များမှလည်း စစ်နိုင်သောစစ်ဗိုလ်များအား ကြိုဆိုကြသလို ကျောင်းတိုက်ကြီး ရှိရာသို့ စုရုံးရောက်ရှိလာကြပြန်သည်။

" ဒီအကောင် ၁၅ နှစ်သားလောက်တုန်းက သူ့အဘိုးသင်ပေးတဲ့ သိုင်းပညာရဲ့အစွမ်းပေါ့ ကိုမျိုးဟန်ရဲ့"

ဦးတောက်ထိန်သည် သားအတွက် ပလွှားဂုဏ်ယူပြောလိုက်သည်။ ခင်ဖြူကတော့ သူ့ဖခင်မျက်နှာကို ကြည့်ကာ ပြုံးနေသည်။

"ကဲ...ဖြစ်ပုံပြောစမ်းပါဦး၊ တရုတ်တွေကော ထွက်ပြေးကြသလား"

ဒေါ်ကြီးမြင့်က သိလိုဇောနှင့် မေးပြန်သည်။

"မပြေးရပါဘူး။ သုံးယောက်စလုံးသေလို့ အလောင်းတွေ ချောက်ထဲဖျောက်ဖျက်ပြီး ငွေနဲ့ ဒီသေနတ်တွေ ယူလာတာပဲ"

"သေနတ်ရှိတဲ့ လူသုံးယောက်ကို တစ်ယောက်တည်းနဲ့ အသေတိုက်တဲ့သိုင်းပညာကို ကျွန်တော်လည်း လေးစားပါတယ် ကိုတောက်ထိန်ရယ်"

mgyoe.com

mgyoe.com


ဦးမျိုးဟာန်က ထပ်မံ ချီးကျူးနေပြန်သည်။

"ဒီလိုခင်ဗျ ...၊ ဒီကောင်တွေ ဝင်လာတော့ ကျွန်တော်ထမင်းပွဲက ထပြီး ပလိန်း ဒိတ်နဲ့ လက်ဖက်ရည်သောက်နေတာကို ဦးသတိထားမိမှာ ပေါ့"

"အေးလေကွယ် ... သတိထားမိပါတယ်။ မင်းဆီ လက်ဖက်ရည် လုသောက်ရင် ဒီနေရာမှာပဲ အနိုင်တိုက်မလို့၊ မုန့်တွေ လုစားတဲ့အထိ မင်းပြုံးနေသေးတာပဲ"

ဦးမျိုးဟန်က သူ၏ထင်မြင်ချက်ကိုသွက်လက်စွာ ပြောဆိုနေ သည်။

"အမှန်ကတော့ သူတို့က ဝင်မစားလည်း ကျွန်တော်က ခေါ်ပြီး ကျွေးမှာပဲ။ သူတို့စားကြတော့ စိတ်အေးသွားတာပေါ့။ ဒါကြောင့် ကိုတုတ်ပေါကို မလုပ်နဲ့လို့ ဟန့်တားလိုက်တာပဲ။ ကိတ်မုန့်ထဲမှာ နာရီ ဝက်အတွင်း သေနိုင်တဲ့ အဆိပ်ထည့်လုပ်ထားတာပဲ ဦးရဲ့"

သိုင်းပညာကြောင့် နိုင်ခဲ့သည်ဟု ဦးတောက်ထိန်က ပလွှားသည် ကို ထွန်းဝင်း၏ စကားကိုကြားမှ ရယ်မောနေကြလေသည်။

လူကြီးနှစ်ဦး၏ ငွေငါးထောင်ခန့် ပြန်၍ ရခဲ့ရုံသာမက သမီးပျို နှစ်ယောက်၏ အသက်နှင့် အရှက်ကိုပါ ကယ်ဆယ်ခဲ့သည့်အတွက် မိဘ များအဖို့ အထူးပြောစရာမလိုတော့ပေ။ ဦးမျိုးဟန်တို့ ဇနီးမောင်နှံကား ကျေးဇူးတင်မပြီးအောင် ဖြစ်နေကြလေသည်။

ဒေါ်ကြီးမြင့်မှာ ဘွင်းဘွင်းဟားဟား ပြောတတ်၍ လူပျိုပေါက် သာသာ ထွန်းဝင်းက ရီးအ ရှက်တတ်သဖြင့် ပခုံးပုတ်၊ ခေါင်းပုတ်နှင့် "ငါ့သမက်ကြီး ငါ့သမက်ကြီး" ဟု ကျီစယ်လေ့ရှိရာ ထွန်းဝင်းမျက်နှာ မထားတတ်အောင်ဖြစ်၍နေသည်။ အမေတူ ဘွင်းဘွင်းရှင်းရှင်းပြောတတ် သော ခင်မျိုးမြင့်ကလည်း ကိုထွန်းဝင်းခေါ်ရာက ကိုကိုဝင်းဟုခေါ်ကာ ဆွဲလား ငင်လား လုပ်ပြန်သောအခါ သာ၍ပင် မနေတတ်အောင် ဖြစ်နေ သည်။

မိန်းကလေးများ ရဲတင့်ဖျတ်လတ်သလောက် အချို့ယောကျာ်း ကလေးများ အသက် ၁၆ နှစ်၊ ၁၇ နှစ်တွင် ရှက်ကြောက်အားကြီးတတ်

mgyoe.com

mgyoe.com


သည်။ ကျောင်းစာတွေသာ ကြိုးစား၍ နမရင်း ခင်ဖြူမှအပ ဘယ်မိန်းကလေးမျှ ဆက်ဆံခြင်းမရှိသော ထွန်းဝင်းမှာလည်း ချစ်ကျိုစယ်ကြသည်ကိုပင် ရှက်စိတ်မွန်ကာ ဟာဗျာ … အိုဗျာနှင့် ခေါင်းခါခါ လည်ခါခါဖြစ်တတ်ကာ ဤအမူအရာကိုပင် ချစ်ခင်နေကြရာသည်။

၁၉၄၂ မေ ၃ ရက်နေ့တွင် မန်းရွှေမြို့ကို ဂျပန်သိမ်းမိသောအခါ စစ်ကိုင်းမြို့ရှိ တရုတ်များ မြစ်ကြီးနားဘက်ဆီသို့ ခွေပြေး ဝက်ပြေးပြေးကြရာ လမ်းတွင် ပတူခက်ခရွာလောက်ကစ၍ ရွှေဘိုအထိ ၎င်းတို့ ရိုင်ဖယ်ကို ဓားရှည်ဝါးရင်းတုတ်စသော လက်နက်များဖြင့် လုယူရိုက်နှက်သတ်ဖြတ်ခြင်း ခံကြရသည်မှာလည်း အများပင်ဖြစ်သည်။

စစ်ကိုင်းမြို့တွင် တီ ရှိဘာတာ အမည်ရှိသော ဂျပန်လက်ဖတင်နင်တစ်ယောက် ဦးစီးကာ မြို့ရွာအုပ်ချုပ်ရေးကို စတင်တော့ရာ မကြာမီပင် ငြိမ်ဝပ်ပိပြားသွားကာ ဂျပန်ငွေစက္ကူနှင့် အရောင်းအဝယ်များ နေသားတကျလိုဖြစ်သွားသည်။ စစ်ကိုင်းတောင်ရိုးကား မန္တလေး – ရန်ကုန် – မော်လမြိုင်စသော မြို့ကြီးများမှ စစ်ပြေးများခိုလှုံနေကြသဖြင့် တောင်ပေါ်မြို့ကလေးပမာ များစွာစည်ကားနေသည်။

သရက်ပင်ဆိပ်ကား စစ်ကိုင်းမြို့မ မိုးဇာဈေးပမာ ဈေးသည်ဈေးဝယ်၊ လမ်းသလားသူများဖြင့် ပြည့်ညပ်နေသည်။ စားကုန် သောက်ကုန်ဆိုင်များသည် ဆယ်ဆင့်တန်၊ ဆင့် ၅၀ တန်၊ ကျပ်တန်မှအစ ဘုရားနီဆယ်တန်များပါ တဖွေးဖွေးဖြစ်နေကြသည်။

တရုတ်ပြေး၍ ရန်သူဘေးကင်းသဖြင့် ဟိုချောင်သည်ချောင်လှည့်လည်ကြည့်ရှု ကြသူလည်းအများပင်။ အောက်သူများကား နှုတ်ခမ်းနီ ပါးနီပဒုမ္မာအင်္ကျီ၊ စိန်ရွှေများဝတ်ဆင်ကာ ပြောင်ပြောင်လက်လက် လမ်းသလားနေရဲကြသည်။

စစ်ကိုင်း၊ မန္တလေး မြစ်ဟိုဘက်နှင့်သည်ဘက်ကမ်း ခြားရုံမျှရှိသော်လည်း ရွှေမန်းသား၊ ရွှေမန်းသူအချို့ စစ်ကိုင်းတောင်ရိုးသို့ တစ်နှစ်တစ်ကြိမ်သာ လာရောက်ဘုရားဖူးလည်ပတ်လေ့ရှိကြသည်။

ယောသီတာဝန်ချောင်မှ စစ်ပြေးများလည်း အေးချမ်းငြိမ်ဖြစ်သဖြင့် ဟိုချောင်သည်ချောင် လှည့်လည်ကြည့်ရှုကြသည်။ ထိုအထဲတွင် ထွန်းဝင်း၊

mgyoe.com

mgyoe.com


ခင်ဖြူ၊ ခင်မျိုးမြင့်တို့ လူသိုက်လည်း ပါဝင်သည်။ တစ်ခါတစ်ရံ ချောင်၏ တောင်ဘက် ကျောက်လှေကားမှ တမောကြီးအပေါ်သို့ တက်ကြပြီးလျှင် သုံးထပ်ကန်ကြီး၊ ကန်ကြီး၏အရှေ့ဇရပ်တွင် သနပ်ခါးကျောက်ပျဉ်များ ဒါနပြုကြသဖြင့် မိန်းကလေးများ သွေး၍လိမ်းကျံကြကာ ထိုမှ ပုညရှင် ဘုရားသို့ သွား၍ဖူးကြသည်။

ပုညရှင်ဘုရား အရှေ့ဘက်၊ တောင်နံရံမှ ရပ်ကာကြည့်လိုက်သော အခါ ရွှေတဝင်းဝင်းနှင့် မဟာမြတ်မုနိဘုရားကြီးကိုလည်းကောင်း၊ မန္တလေး တောင်တော်ကြီးကိုလည်းကောင်း၊ ဂေါဝိန်ဆိပ်ကမ်းကိုလည်းကောင်း၊ ကောင်းစွာမြင်ကြရ၏။ ဧရာဝတီမြစ်တွင်းမှလည်း ၄က်လှေများရွက်နှင့် တချို့လှော်ခတ်၍တစ်ဖုံ အစုန်အဆန်သွားလာနေကြသည်ကို မြင်ကြရရာ ရွှေမန်းမှခွဲခွာလာကြရသူများ လွမ်းဆွတ်စရာဖြစ်၍နေကြတော့သည်။

ပုညရှင်မှတစ်ဖန် ဥမင်ခြောက်ဆယ် (နောင်တည်သောဘုရား)နှင့် တောင်ပေါ်လမ်းတစ်လျှောက် မြောက်ဘက်ဥမင်စေတီအထိ လမ်းလျှောက် ဖူးမြော်ကြရသည်။

တစ်နေ့သ၌ ထွန်းဝင်းနှင့်မိန်းမပျိုတစ်သိုက် သိကြားရေတွင်းသို့ သွားရောက်ကြသည်။ သိကြားရေတွင်းမှာ ဥမင်လိုဏ်ခေါင်းဖြစ်၍ အတွင်း ဘက်သို့ဆင်းမိလေ မှောင်လေဖြစ်ကာ လင်းနို့ချေးနဲ့ ပျံ့နှံ့နံစော်နေသည်။ သို့ရာတွင် အတွင်း၌ရပ်တော်မူစေတီအပြင် ဂူလိုဏ်အတွင်းကရေကို မျက်နှာသစ်က မျက်စိအနာ ရောဂါကင်းသည်ဟု လူကြီးများပြောကြသည့် အတိုင်း ထိုနေရာအထိ ဆင်းခဲ့ကြ၏။

အချို့ထိုနေရာအထိ မလိုက်ဝံ့ကြ။ ထွန်းဝင်းနှင့် ခင်ဖြူ၊ ခင်မျိုးမြင့် သာ ထိုနေရာအထိ ဆင်းရဲကြသည်။ မျက်နှာသစ်ပြီးပြန်၍အတက် ခင်ဖြူ ရှေ့ဆုံးကတက်ပြေး၏။ ခင်ဖြူနောက်တွင် ထွန်းဝင်းက ခြေလှမ်းကျဲကျဲနှင့် မှောင်မည်းမည်းတွင် တက်လိုက်သွားရာ " ကိုကိုဝင်း ... မြင့်မြင့် စောင့်ပါဦး " ဆိုသော်လည်းမရ။ " အံမလေး " ဟု မြင့်မြင့်အော်သံကြားမှ ထွန်းဝင်းပြန် ဆင်းပြေးလာကာ ...

" မြင့်မြင့်ရေ ... ဘယ်ကလဲဟ "

" ဒီက ... ဒီက ကျောက်ခဲနဲ့တိုက်လဲလို့ ... ပြောမှတိုး၍သွားကာ

mgyoe.com

mgyoe.com


ဘာမျှဆင်ခြင်စဉ်းစားခြင်းမရှိ ချိုင်းကလျှို၍ပွေ့ယူကာ ထူ၍ပေးလိုက်သည်။ နှစ်ယောက်စလုံး ရင်တုန်သွားကြကာ တစ်မျိုးဖြစ်သွားကြ၏။ ထွန်းဝင်းကပင် " ဟာ " ဟုဆိုကာ ခင်မျိုးမြင့်ထက်ပင် ရှက်၍သွားသေးသည်။

အပေါ်ထပ်သို့ ရောက်ကြသောအခါ ခင်ဖြူက တစ်ခစ်ခစ်နှင့် ရယ်မောနေသဖြင့် ထွန်းဝင်းက မျက်နှာပျက်သွားပြီးလျှင် "တယ်...ဒီကောင်မလေး "ဟု သူ့လက်ကြီးနှင့်လှမ်း၍ခေါက်လိုက်ရာ ခင်ဖြူသူ့ခေါင်းကို ပွတ်၍နေရှာသည်။ ခင်မျိုးမြင့်လည်း အတော်ကလေး ရှက်သွားဟန်တူ၏။ သို့ရာတွင် ထွန်းဝင်းလောက် တာရှည်မရှက်တော့ဘဲ လမ်းခုလတ်ရောက်လျှင်ပင် ထွန်းဝင်းနှင့်စကားပြောဖော်ရနေရာ ထွန်းဝင်းကသာ အင်း ... အဲ ... နှင့် အူကြောင်ကြောင်ဖြစ်နေလေသည်။

" ဟော့ ... မောင်ထွန်းဝင်းခဏဟော့ "

သိကြားရေတွင်းမှပြန်၍ ရောက်ရှိလာကြပြီး နာရီဝက်ခန့်အကြာတွင် ဒေါ်ကြီးမြင့်က ခေါ်လိုက်ခြင်းဖြစ်ရာ ထွန်းဝင်း မရဲတရဲနှင့် လာခဲ့သည်။

" သိကြားရေတွင်းထဲမှာ မင်းမြင့်မြင့်ကို ပွေ့ဖက်တယ်ဆို "

" ဟာ ... မဟုတ်ပါဘူး ဒေါ်ဒေါ်၊ ဟုတ်ပါတယ် ဒေါ်ဒေါ် "

" အော် ... မင့်စကားက ဘယ်ဟာယုံရမှာလဲကွယ် ... "

" တမင်ဖက်တာမဟုတ်ပါဘူး၊ သူလဲနေလို့ ဆွဲထူပေးတာပါ "

ထွန်းဝင်းမျက်နှာပျက်နေသည်။ ဧကန္တ ခင်မျိုးမြင့်ကတိုင်လို့သာ ဒေါ်ကြီးမြင့်သိနေတာပဲဟု ခင်မျိုးမြင့်အားလည်း စိတ်ဆိုးနေသည်။

" ဒေါ်ဒေါ်က စိတ်ဆိုးလို့မေးနေတာ မဟုတ်ပါဘူးကွဲ့၊ မင်းတို့ချစ်နေကြရင်လည်း ဒီချောင်မှာပဲ မင်္ဂလာဆောင်ပေးမလို့မေးရတာပါ။ "

" ဟာ ... ဒေါ်ဒေါ်ကလည်း ... " ဟု ထွန်းဝင်း နေရာမှ ထပြေးလေသည်။

နောက်တော့လည်းခင်မျိုးမြင့်နှင့် သုန်သုန်မှုန်မှုန်ဖြစ်နေသည်။ သရက်ပင်ဆိပ်ရှိတောင်ပေါ်သို့ ရေတင်သောစက်ကြီးမှာရေနံဆီရှား၍ မလည်နိုင်သဖြင့် ချောင်များတွင် ရေမရဘဲ ဖြစ်နေကြရာ ရေစည်လှည်း

mgyoe.com

mgyoe.com

များကို အဖိုးကြီးစွာပေး၍ အငှားသယ်ယူစေကာ သုံးစွဲကြရသည်။ ရေဖော ဖောသီသီ ချိုးလိုက သရက်ပင်ဆိပ်သို့ ဆင်းကြကာ ရေချိုးကြရသည်။ ကင်းမော်အောက်နား ရေစက်ကြီးဘေးမှ မာန်အောင်ဘုရားအထိ ဆိပ်ကမ်း တစ်လျှောက်တွင် နံနက်ခင်း၊ ညနေခင်းများ၌ ဗာရာဏသီ ရေချိုးဆိပ်ပမာ များစွာ စည်ကားနေသည်။

ထွန်းဝင်းသည် "ဟမ်ဘား" စက်ဘီးတွင် ခင်ဖြူအား နောက်ပိုင်းက တင်လျက် သရက်ပင်ဆိပ်သို့ ရေချိုးသွားမည်အလုပ် ခင်မျိုးမြင့်က သူပါလိုက်မည်ဆိုသဖြင့် ထွန်းဝင်း မငြင်းဆန်သာ။ ခင်ဖြူအား ဘားတန်း သူ့ရှေ့မှထိုင်စေ၍ ခင်မျိုးမြင့်အားနောက်ဘက် ကယ်ရီယာပေါ်တွင် ထိုင်စေကာ ယောသိတာဝန်ချောင်မှ ထွက်ခဲ့ရသည်။

စက်ဘီးဘရိတ်ကောင်းသဖြင့် ချောင်၏အနောက်ဘက် လှည်း လမ်းဆင်ခြေလျှောမှ မိန်းမပျိုနှစ်ယောက်ကိုတင်ကာ ဆင်းခဲ့ရသည်။ ဆင်ခြေလျှောဆိုသော်လည်း အချို့နေရာတွင် အတော်စောက်သဖြင့် ခန္ဓာကိုယ်သုံးခု ရှေ့သို့ငိုက်နေအောင်ဖြစ်ရာ ခင်မျိုးမြင့်မှာ ထွန်းဝင်း၏ ပခုံးကို လက်တစ်ဖက်ဖြင့် ကိုင်ထားရာမှ လက်နှစ်ဖက်နှင့် တင်းကြပ်စွာ ဆုပ်ကိုင်ရင်း လိုက်ပါလာလေသည်။

တောင်ခြေသို့ ချောချောမောမောရောက်သောအခါ လောက မှန်ကင်းချောင်မှ ဖြတ်၍ တောတောင် ဘီလူးချောင်းမြောက်ဘက်၊ သရက် ပင်ဆိပ်သို့ ဆင်းရာလမ်းမသို့အရောက် ခြေထောက်နှစ်ဖက်ကို နိမ့်ချည် မြင့်ချည်နှင့် နင်းရင်း ခပ်မှန်မှန် နင်းလာ၏။ ထိုလမ်းမမှ အရှေ့ သရက်ပင် ဆိပ်သို့အရောက် ရင်ဆိုင်လာသော လှည်းများ၊ မြင်းရထားများ၊ ဂျပန် စစ်ကားများကို မနည်းရှောင်၍ စီးနင်းရရာ တစ်ခါတစ်ရံ စက်ဘီးကို ခြေတံ ရှည်နှင့်ထောက်ကာ မိန်းကလေးများပါ လမ်းဘေးသို့ ဖယ်ရှောင်ပေးလိုက် ရသည်။

သရက်ပင်ဆိပ် ရေစက်ကြီးတောင်ဘက်နားတွင် အဝတ်အထည် နှင့်စက်ဘီးများ ပုံထားပြီးလျှင် မိန်းကလေးနှစ်ဦးက ထဘီရင်ရှား၊ ထွန်းဝင်းက ရေလဲလုံချည်နှင့် ဆင်း၍ချိုးကြရာ ထွန်းဝင်းတစ်ဦးသာ ရေကူးတတ်သည်။

ထိုအရွယ်က ထွန်းဝင်း၏အရပ်အအမြင့်မှာ ၅ပေ – ၈လက်မ

mgyoe.com

mgyoe.com


ခန့်ရှိပြီဖြစ်၏။ မိန်းကလေးနှစ်ယောက်ကား ၅ပေစီလောက်သာမြင့်သေးရာ ရေကူးမတတ်သော နမအား လက်တစ်ဖက်ကိုဆွဲထိန်းပေးကာ ရေကူးကျင့်စေသည်။ ခင်ဖြူ၏ ခြေနှစ်ဖက်မှာ အားလျားမှောက်ထားရာမှ ရေထဲတွင် တဖောင်ဖောင်မြည်အောင် ခပ်ကာခပ်ကာ ကိုယ်ကိုဖော့၍နေသည်။

" ကိုကိုဝင်း မြင့်လည်း ကူးဦးမယ်နော် ... "

ခင်ဖြူအားခြေထောက်မိရာသို့ပို့ထားပြီးနောက် ခင်မျိုးမြင့်အား ခင်ဖြူနှင့် အလားတူ လက်တစ်ဖက်ဆွဲထိန်းပေးကာ ကူးခပ်စေသည်။

မန္တလေးဘက်သို့ ပြန်၍မပြောင်းမချင်း နေ့စဉ်ရေချိုးဆင်းတိုင်း ဤကဲ့သို့ပင် သင်ပေးခဲ့ရာ မိန်းကလေးနှစ်ယောက်ရေကူး ကောင်းကောင်း တတ်သွားကြသည်။ ထွန်းဝင်း၏စိတ်မှာကား နမအရင်းနှင့်မခြား ခင်မင်သည်။ မင်္ဂလာဆောင်စကားနှင့် နောက်ပြောင်ကြသည်ကို မကြိုက်နှစ်သက်နိုင်ခဲ့။ မန္တလေးဘက်သို့ ပြန်၍ပြောင်းကြပြီးနောက် ထွန်းဝင်းဂျပန်တော်လှန်ရေးတွင် လိုက်ပါသွားသောအခါ အဆက်ပြတ်သွားကြပြီးလျှင် အပျိုကြီးဖားဖား ဖြစ်မှပြန်၍ တွေ့ဆုံကြခြင်း ဖြစ်သည်။

■

mgyoe.com

mgyoe.com

## အခန်း (၅)

ထွန်းဝင်းသည် သူ၏နောက်ကြောင်းကို အတန်ကြာငိုင်တွေးနေမိရာ ခင်ဖြူထသွားသည်ကိုပင် မသိလိုက်တော့ချေ။ သတိလည်လာ၍ ကြည့်ရှုမှ ခင်မျိုးမြင့်တစ်ယောက်တည်း သူ၏အနီးတွင်ထိုင်လျက် ရှိသေးသည်ကို တွေ့မြင်ရသည်။

စောစောတုန်းက သူ့ဘိုးဘိုးသည် ၁၃နှစ် ရွယ်စိန်ပွင့်နှင့် ၁၇ နှစ်ရွယ် ရဲကျော်တို့ ဆီးပင်အောက်တွင် ကျားလျှာဆူးစူးရာမှ ပါးစပ်ကိုက်နှုတ်ပေးရပုံ၊ ၂ နှစ်ခန့် ကွဲပြီးနောက် ၁၅ နှစ်ရွယ်စိန်ပွင့်နှင့် ၁၉ နှစ်ရွယ် ရဲကျော် ကောက်ရိုးပုံနားချိန်းတွေ့ပုံ၊ စိန်ပွင့် ၁၃ နှစ်အရွယ်က ကျောင်းဆရာစွပ်စွဲခြင်းမှာ အလျှင်းမဟုတ်ခဲ့ဘဲ ၁၅ နှစ်အရွယ်ကျမှ ထိုစွပ်စွဲချက်သည် လူငယ် လုံမနှစ်ဦးအား စိတ်ပြောင်းကာ စွပ်စွဲသည့်အတိုင်း ဖြစ်ပျက်သွားပုံကို သတိရလေသည်။

၁၅ နှစ်ရွယ် ခင်မျိုးမြင့်နှင့် ၁၇နှစ်ရွယ်ထွန်းဝင်း သိကြားဂူထဲတွင် ခင်မျိုးမြင့်မှောက်လျက်လဲသဖြင့် ချိုင်းကမ,လျှို့ဆွဲထူပေးပုံ၊ ဒေါ်ကြီးမြင့်က မင်္ဂလာဆောင်ပေးမည်ဟု ကျီစယ်ပုံများ နှိုင်းယှဉ်ချက်ပေါ်လာသည်။ သူသည်ယခုမှပင် ပထမအကြိမ် ခင်မျိုးမြင့်၏ မျက်နှာကို ရွှန်းရွှန်းစားစား ကြည့်နေမိသည်။ ဟိုတုန်းကမူ အတော် အ သော ထွန်းဝင်းဖြစ်ခဲ့၏။

" ဖြူဖြူ ဘယ်သွားပြန်သလဲ ဟင် ... မြင့် "

သည်တစ်ခါတော့ သူနှုတ်သွက်သည်။ ခင်မျိုးမြင့်ကလည်း ထွန်းဝင်း၏မျက်နှာကို တစိမ့်စိမ့်ကြည့်နေရာမှ ...

mgyoe.com

mgyoe.com


" မြင့်လည်း ဒီမယ်စားမှာမို့ ညစာသွားပြီးစိမ်နေတယ် "

ထွန်းဝင်းသည် ငွေကြိုးနှင့် သံမဏိ လက်ပတ်နာရီကို မြှောက်၍ ကြည့်ပြီးနောက်။

" ဟယ် ... ၅ နာရီ ရှိသေးတာပဲ ... "

" ၆ နာရီ တိတိမှာစားမယ်တဲ့ ... "

" ဒါဖြင့် နင်နဲ့ကိုကိုဝင်း စကားပြောကြဖို့ တမင်လွှတ်ပေးထားခဲ့တာပေါ့ "

ထွန်းဝင်း မ အတော့ပေ၊ ဘုရားဖူးသွားခေါ်တုန်းက ရှုသိုးပြီးဘု ပြောလွှတ်မိခဲ့သလောက် ယခုမှာမူ ပျားသကာကောင်းတွင် သကြားရေ လောင်းထားသလို ချိုချင်တိုင်း ချို၍နေလေသည်။ ခင်မျိုးမြင့်ကတော့ ဘာမျှမပြောသေး။

"ကိုကိုဝင်းနှင့်မျက်နှာကို ဒီတစ်ခါကျမှ စေ့စေ့ကြည့်ဖူးတယ်"

" ဟိုတုန်းကတော့ ... စေ့စေ့ကို မကြည့်ရဲဘူးပေါ့ "

ခင်မျိုးမြင့် ရိုးရိုးကလေးပင် ခပ်ပြုံးပြုံးပြောလိုက်ခြင်းဖြစ်၏။ ထွန်းဝင်းမျက်နှာ အနည်းငယ်ပျက်သွားသည်။ မိန်းမပျိုကလေးတစ်ဦးက ထွန်းဝင်းအနက်ကောက် မှားလောက်အောင် ပြောရဲမည်မဟုတ်ကြောင်း ထွန်းဝင်း မတွေးမိ ...

"ကြည့်စမ်း ... နင်ခုထက်ထိနောက်ပြောင်တုန်းပဲ၊ဒီဥာဉ်ကိုမဖျောက်သေးဘူး" ထွန်းဝင်းက ဤကဲ့သို့ ခပ်မာန်မာန်လေး ငယ်နိုင်လို ပြောလိုက်မှ ထွန်းဝင်းက အတွေးကို နားလည်သွားကာ ဖြူဖွေးညီညာသောသွားက လေးများပေါ်အောင် ပြုံးမိရာက ထွန်းဝင်းပေါင်ကို လှမ်း၍ပုတ်လိုက်ရင်း...

" အို ... တောက်တီး တောက်တဲ့၊ မတော်တရော်တွေ တွေးနေတာကိုး ... "

ငယ်တုန်းက ဘာမဆို ပြောချရဲသည့် ခင်မျိုးမြင့်၊ ယခုအသက် ၂၀ ရွယ်ရှိခဲ့လည်း ငယ်မူငယ်စိတ်နှင့် ပြောချလိုက်ရာ ထွန်းဝင်းပါပြုံး၍ လာသည်။ ထို့နောက် အနည်းငယ် တိတ်ဆိတ်သွားကြကာ ထွန်းဝင်းသည် ခင်မျိုးမြင့်၏ တစ်ကိုယ်လုံးကို အကဲခတ်ကြည့်ရှုနေပြန်သည်။

အနက်ကွက် ချည်ချောလုံချည်ကို ကျစ်ကျစ်လစ်လစ်ဝတ်ထား

mgyoe.com

mgyoe.com


သဖြင့် ဆင်နှာမောင်းသဖွယ် အရင်းတုတ်၍ အဖျားသွယ်သောပေါင်တံ၊ ဆိုဖာတွင် ပြည့်ကားသောတင်ပါးဆုံ၊ လုံးပတ် ၂၄–၂၅လက်မထက် မပိုသောခါး၊ ထို့အထက်သို့ကားတက်ပြီးလျှင် ထွားညက်သော ရင်သား အစုံသည် ပင်နီချောဝတ်ဖုံးထားစေကာ သားကောင်းမိခင်ဖြစ်မည့် အချက် ကိုဆောင်၍နေသည်။

လူတစ်ကိုယ်လုံးတွင် မျက်နှာသည် ကျက်သရေအရှိဆုံးဖြစ် သည်။ မျက်နှာတွင်လည်း မျက်လုံးသည် မျက်နှာ၏ကျက်သရေကို ဆောင် မြဲဖြစ်ရာ မျက်လုံးမျက်ဖန်ကောင်းသည်ဟုဆိုရုံနှင့် မပြီး။ မျက်လုံး၏အင်္ဂါ ဖြစ်သော မျက်သားနှင့်မျက်နက်အိမ် နှစ်ခုရှိသည့်အနက် အခါလယ် နွားငယ်၏ မျက်လုံးပမာ မျက်သားဖြူစင်၍ မျက်နက်အိမ်ကျယ်ဝန်း နက် မှောင်နေသည်။ မျက်ဖန်ဟုဆိုအပ်သော မျက်ခမ်းနှင့်မျက်ရစ်တို့မှာ ပီသ ပြတ်သားသည်။ ထိုမျက်လုံးနှင့် မျက်ဖန်ကိုမျက်ဘောင်၊ မျက်ခုံးနှင့် ပေါင်းစပ်မိသောအခါ အထူးကျက်သရေရှိသည်ကို မြင်နေရသည်။

နဖူးကျယ်တွင် ဆံယဉ်စကလေးများချထားကာ ရွှေနားကွပ်ဆင် စွယ်ဘီးနှင့် နောက်တွဲပြန်ပတ်၍ ထုံးထားသောဆံပင်များမှာ ဆံစုမပေါင် ဘဲနှင့်ပင် အတော်ကြီးနေသည်။ မျက်နှာမသွယ်တသွယ် နှာတံပေါ် ညီညာ ထိစပ်သော နှုတ်ခမ်း၊ နားရွက်ကားနှင့် ငေးကြည့်လောက်အောင် ချောသော ရုပ်အဆင်းကို ထွန်းဝင်းစက္ခုရုပေမိနေသည်။

" နင် ... ဒီလောက်ချောတာ ကိုကိုဝင်း အခုမှ ဂရုစိုက်မိတယ်"

"လာပြန်ပြီ ခုမှပဲကြည့်ရဲတယ်ဆိုပါတော့"

စောစောက စကားကြောင့် ထွန်းဝင်း "ဟယ်" ဟုဆိုကာ နှစ်ယောက်သား ရယ်၍နေကြ၏။

" ပြီးတော့ ဘွားဘွားပုံကြည့်စမ်း ၁၆ နှစ်ရွယ်လောက်မထင် ရလား၊ အသက် ၂၆ နှစ်တုန်းက ရိုက်ကူးထားတာတဲ့ နင်လည်း အခု အသက် ၂၀ဆိုပေမဲ့ ဟို ၁၅နှစ်ရွယ်တုန်းကရုပ်နဲ့ ဘာမှမခြားဘူး။ ခြားတာ ကတော့ ဟိုတုန်းကတော့ ဆံတောက်ဖား အခုအုပ်လုံးသိမ်း ဖြစ်နေတာပဲ၊ ဘွားဘွားနဲ့ ဘိုးဘိုးတို့ ငယ်ငယ်ကဟု ဆီးပင်အောက်ကရော၊ ကောက်ရိုးပုံ ဘေးရော၊ ထွက်ပြေးလာကြသည်အထိ ဇာတ်ကြောင်းပြန်နေသည်။

mgyoe.com

mgyoe.com


ခင်မျိုးမြင့်ကလည်း မောင်မောင်၏ မျက်နှာကိုကြည့်ကာ နားထောင်နေ၏။

" အဲဒီတော့ နင်နဲ့ ကိုကိုဝင်း သိကြားဂူထဲတုန်းက မစိန်ပွင့်နဲ့ မောင်ရဲကျော်တို့လို ဖြစ်လိုက်ရ။ ခုနေခါ ဘယ်လောက်ဟန်ကျမလဲပဲ "

ထွန်းဝင်းသည် မိန်းမပျိုကလေး တစ်ဦးအား ပြောသင့် မပြောသင့် ချိန်ဆမနေဘဲ သူ့ဆန္ဒရှိသည်ကို မချွင်းမချန်ပြောနေပြန်သည်။ ခင်မျိုးမြင့် ကလည်းသည်လိုပြောရပ့ါမလားဟု မနှစ်သက်သောအမူအရာမပြ ပုံပြင် တစ်ခု နားထောင်နေသူကဲ့သို့ ငြိမ်၍နားထောင်နေသည်။

" အဲဒီတုန်းက နင် ကိုကိုဝင်းကို မချစ်ဘူးလား "

၁၅ နှစ်ရွယ်ကလေးမေးသလို မေးနေပြန်သည်။ ခင်မျိုးမြင့်က လည်း အည့ံမခံ။

" ချစ်သားပဲ "

" ဘယ်လိုချစ်တာတုန်းဟ "

" ဖြူဖြူက ကိုကိုဝင်းချစ်သလို ချစ်သာပေါ့ "

ထွန်းဝင်း စိန်ပွင့်နှင့် ရဲကျော်အကြောင်း ပြန်ပြောင်းပြောစဉ်က ရှေ့ဘိုနယ်စကားသုံး၊ သာ ... သယ် ... ဟူသော စကားများပါဝင်ရာ ထိုအတူလိုက်၍ ခင်မျိုးမြင့်က ချစ်သာပေါ့ဟု ပြောသဖြင့် သဘော အတော်ကျကာ ပြုံး၍နေသည်။

" နင်နဲ့ သွေးသားစပ်တာမှ မဟုတ်ဘဲ။ ညာမနေပါနဲ့ဟာ၊ ကိုကိုဝင်း ကိုယ်ချင်းစာကြည့်တယ်။ နင့်ကိုတစ်မျိုးချစ်တယ် ဒါပေမဲ့ သူက ငါ့နှမလေးလို ချစ်နေရှာတာ၊ မတော်ပါလားလို့ မျိုသိပ်ခဲ့ရတာဟ "

အမှန်အားဖြင့် ခင်မျိုးမြင့် ၁၅ နှစ်အရွယ်တုန်းကပင် မျက်နှာ ကလေးနုနေရုံမှအပ ကိုယ်လုံးကိုယ်ပေါက် သူ့မိခင်ဒေါ်ကြီးမြင့်ထက်ထွား ကာ သွေးသားဆူဖြိုးချိန်ဖြစ်သဖြင့် ထိုစဉ်က ထွန်းဝင်းမရိုးလျှင် ယမ်းအိုးပေါ် မီးရောက်သလို အချစ်မီးတောက်ကြမည်ကား မလွဲပေ။ ထွန်းဝင်းကပင်...

" ကဲ ကဲ တို့အခု စိတ်ပြောင်းကြစို့နော် ... မြင့် "

ထွန်းဝင်းသည် ထိုသို့ပြောရင်း ခင်မျိုးမြင့်၏ဒူးခေါင်းကို လှမ်း ဆုပ်ကိုင်ရာ ခင်မျိုးမြင့်ကိုယ်ကလေး တွန့်သွားပြီးလျှင် "အို" ဟုသာဆို လိုက်သည်။

mgyoe.com

mgyoe.com


"လာသာ လာပါ ဖြူဖြူရဲ့ ကိစ္စမရှိပါဘူး"

လေှကားထိပ်တွင် ရိပ်ခနဲမြင်ရပြီး လိပ်ခေါင်းလိုပျောက်ကွယ်သွားသောကြောင့် ခင်မျိုးမြင့်က အသံခပ်ကျယ်ကျယ်နှင့် ခေါ်လိုက်ခြင်းဖြစ်သည်။ ခင်ဖြူလည်း ခင်မျိုးမြင့် အသံကြားမှ ခေါင်းပြန်ပေါ်လာပြီးလျှင် လေှကားတစ်ထစ်ချင်းတက်လာရာ အနက်ကွက်ချည်ချောလုံချည်နှင့်တကွ မြင်ကြရသည်။ ခင်ဖြူဆိုဖာလွတ်တစ်ခုတွင် ထိုင်မိလျှင် ခင်မျိုးမြင့်နေရာမှ ရပ်လိုက်ပြန်ရာ ခင်ဖြူက

" အို ဘယ်သွားဦးမလို့လဲကွ"

" အောက်ထပ် ခဏလေးပါ။ ခုပဲ တက်ခဲ့ပါမယ် ... "ဟု အောက်ထပ်သို့ ဆင်းသွားသည်။

" ကိုကို ဟန်ကျနေပြီမဟုတ်လား။ သူ့ပေါင်များ လှမ်းကိုင်လို့" နှမဖြစ်သူက မေးလိုက်သောအခါ ထွန်းဝင်း ရှက်ကိုးရှက်ကန်းဖြစ်သွားကာ

" ဟယ် မဟုတ်သေးပါဘူး။ တစ်ပိုင်းတစ်စ မတင်မကျနဲ့ဘဲ ရှိနေသေးတယ် "

" အံ့ပါရဲ့ ကိုကိုရယ် အချိန် ၄၅ မိနစ်လုံး ပေးထားလျက်နဲ့၊ ဘာတွေ လျှောက်ပြောနေလို့ အဖြူအမည်း မသဲကွဲရတာလဲ "

" နင်ပြောတော့ လွယ်လိုက်တာ။ တစ်ပိုင်းတစ်စရောက်အောင် ကိုကိုဘယ်လောက် ကြိုးစားလှည့်ပတ်ပြောနေရတယ် မှတ်လဲ "

"သူ့စိတ်မပါဘဲ အကြာကြီး ကိုကို့အနားထိုင်ပါ့မလား။ ပြီးတော့ စစ်ကိုင်းချောင်နေကြတုန်းကလည်း သူဟာကိုကို့ ကိုချစ်နေတာ ဖြူဖြူတီးခေါက်ကြည့်ပြီးပြီ။ တစ်ဖက်က ကျေနပ်နေရက်နဲ့များ ကိုကိုရယ် "

ခင်ဖြူမှာ မန္တလေး အေ–ဘီ–အင် မိန်းကလေးအထက်တန်းကျောင်းမှ ဆယ်တန်းအောင်ခဲ့သူကလေးဖြစ်ရာ ဘာမဆိုပွင့်ပွင့်လင်းလင်း ပြောတတ်သည့် အတိုင်းပြောချနေခြင်း ဖြစ်သည်။

"ဒီကိစ္စ နင်ကူမှဖြစ်မှာဟ၊ ကိုကို့အစွမ်းနဲ့တော့ အခက်သား ..."

"ဒီထက် ဘယ်လိုလုပ်ကူရဦးမလဲ။ အချိန်တစ်နာရီလုံးလုံး စကားပြောခွင့်ရအောင် စီစဉ်ပေးတယ်။ စောစောက ဘုရားဖူးလိုက်ပါဆိုတော့လည်းမလိုက်ဘူး။ ခင်ဖြူမညာတတ်တာတောင် အခုညာနေရပြီ"

mgyoe.com

mgyoe.com


" ဘာတွေ ညာနေရလို့လဲ"

" ကိုကိုက အလွန်ရိုးတာ မြင့်လည်းအသိသားနဲ့။ သူရန်ကုန်က ရောက်တဲ့နေ့ကများ မြင့်ရှိရဲ့လား၊ မာရဲ့လားနဲ့စုံလို့မေးနေတာပဲ မြင့်တို့ဆီ မလာတာကတော့ ... ဒေါ်ဒေါ်ကလှောင်မှာရှက်လို့နဲ့။ ဒီလိုဖြူဖြူက ပြော နေရတာ ညာတာမဟုတ်ရင် ပလီပလာပဲ ဖြစ်ရမှာပေါ့ "

" အေး ... အေး ဒါ့ကြောင့်ထင်တယ် သူ့ကြည့်ပုံကလည်း မရိုးဘူး ဟ"

" ဒါတော့ မိန်းမချင်းပိုသိတာပေါ့ ၁၅နှစ်အရွယ်တုန်းကိုက ကိုကို့ ကို အမြဲကြည့်နေတာပဲဟာ။ ဖြူဖြူအမြဲ အကဲခတ်နေတာပဲ ... "

" သူနဲ့လွတ်လွတ်လပ်လပ် တွေ့ချင်သေးတယ်ဟာ"

" ဒါဖြင့် ဒီလိုလုပ်မယ်၊ ညကားနဲ့မီးထွန်းပွဲတွေလျှောက်ကြည့်မယ် ပြီးတော့အငြိမ့်ပွဲတွေ ကြည့်မယ်။ သူ့ကို ကနေ့ညဒီအိမ်မှာ အအိပ်ခိုင်းမယ်"

" ဟယ် ... ဦးလေးဟန်နဲ့ ဒေါ်ဒေါ်မြင့်က သဘောတူပါ့မလား"

" ဒီအိမ်ဆိုရင် စိတ်ချပါတယ်၊ သဘောတူမှာပေါ့"

"အေး ... သဘောတူလို့ ဒီလာအိပ်ပါရောတဲ့၊ နင်နဲ့အတူတူအိပ် ရမှာပဲ မဟုတ်လား"

" မောင်နှမ အရင်းချင်းပြောလို့ မကောင်းတော့ပါဘူးကိုကိုရယ်၊ ကဲ ... အခု မပြောတော့သေးဘူး။ သူလာအိပ်တော့မှ ဖြူဖြူစီစဉ်ပေးမယ်"

"အေး ... အေး ... ကိုကိုစိတ်ကူးရပြီ ... ဒီလို"

စကားမဆုံးခင် ခင်ဖြူက ရှူးဟုပိ-ာ်လိုက်၏။ ခင်မျိုးမြင့်တက် ရောက်လာသည်ကို မြင်ရသောကြောင့်ဖြစ်သည်။ ခင်ဖြူကပင်

"ဟုတ်တယ်ကိုကိုရဲ့၊ ဖြူဖြူတို့က နမူနာပြလိုက်မှ ဟန်ကျတော့ မှာပေါ့"

ခင်ဖြူသည် စကားလွှဲပြောလိုက်သည်။ ထွန်းဝင်း ဘာမျှနားမလည် သေး။ ထွန်းဝင်း နားမလည်ကြောင်းကိုလည်း ခင်ဖြူသိပြီးဖြစ်၏။ ခင်မျိုးမြင့် ထိုင်မိလျှင် ခင်ဖြူက

"ဒီလိုမြင့်ရဲ့၊ ဖြူဖြူတို့လုပ်ငန်းကို ပြောပြတော့ ကိုကိုက အတော် သဘောကျနေတယ်။ မကျစရာလည်းမရှိပါဘူး။ ရန်ကုန်ကကူးစက်လာတဲ့

mgyoe.com

mgyoe.com


ဆံပင်ကောက် နှစ်ခွခွဲကျစ်ဆံမြီး၊ နှုတ်ခမ်းနီ၊ ပါးနီ၊ နိုင်လွန်ရှုံသားများ ပြုပြင်ဝတ်ဆင်ကြတဲ့အပြင် ရွှေခြေချင်းပါ ခေတ်စားနေတုန်း၊ ဖြူဖြူတို့က ချည်လုံချည်၊ မြန်မာရက်ပင်ဖြူ ပင်နီ၊ ချည်ချောထည်တွေဝတ်၊ ဆံပင်ရိုးရိုးထုံး၊ စိန်ရွှေမဆင်ပြလိုက်တော့ နမူနာကောင်းဖြစ်မသွားဘူးလားလို့"

"ဟုတ်တာပေါ့ ကိုကိုဝင်းရဲ့ ဂုဏဝဏ္ဏ ပသန္နိဇနာတဲ့"

"အင်း ... အင်း ဟုတ်ပြီ၊ ဗဟိုအမျိုးသားကျောင်းသူပီပီ ပါဠိပါဠိသားတွေနဲ့။ အနက်အဓိပ္ပာယ်ကလေး လင်းစမ်းပါဦး"

ခင်ဖြူက ပြုံးရယ်ကာ ခင်မျိုးမြင့်၏ လက်မောင်းကိုလှမ်းကိုင်ရင်း အဘိယာစကလုပ်လိုက်ရာ ခင်မျိုးမြင့်က ဦးနာရဒနှင့် ပြိုင်သည့်အလား...

"ဇနာ၊ လူတို့သည်၊ ဂုဏဝဏ္ဏေ၊ ဂုဏ်ရှိသူများကို ပသန္နိ၊ မြင်ကြ၏တဲ့။ အဓိပ္ပာယ်က၊ လူတွေဟာဂုဏ်ရှိတဲ့လူတွေ လုပ်တာကို အကောင်းထင်ပြီး လုပ်တတ်ကြသတဲ့။ ဂုဏ်ဆိုတာကလည်း ပညာဂုဏ်၊ ဓနဂုဏ်၊ ရူပဂုဏ်စလို့ အမျိုးမျိုးပေါ့။ ဥပမာ ဖြူဖြူလို ရုပ်ချောတဲ့မိန်းမပျိုတစ်ယောက်က တစ်စုံတစ်ခု ပြုပြင်ဝတ်ဆင်ရင် ရုပ်မလှတဲ့လူတွေကလည်း အတူလိုက်ဝတ်ဆင်တတ်ကြတာပါပဲ"

"မြင့်မြင့်လို အလွန်ချောတဲ့ မိန်းမပျိုဆိုရင် ပြောစရာတောင်မရှိဘူးပေါ့"

"မြှောက်မနေပါနဲ့ကွာ ... ငါ့ညကျ ရေခဲမုန့် ကျွေးပါ့မယ်"

ထွန်းဝင်းကား သူငယ်ချင်းမနှစ်ယောက် အပြန်အလှန် အချီအချ ပြောဆိုနေကြသည်ကို မြင့်မြင့် မျက်နှာကြည့်လိုက် နှမမျက်နှာကြည့်လိုက်နှင့် နားထောင်၍ နေလေသည်။ ဆန်စက်ပိုင်သမီးနှင့် သစ်စက်ပိုင်သမီး မိန်းမချောနှစ်ယောက်က အဝတ်အဆင် ရိုးရိုးကလေးနှင့် နမူနာပြသည်ကို ယခုမှတကယ် သဘောကျ၍နေလေသည်။

"မမလေး ထမင်းပြင်ပြီးပါပြီ"

အိမ်ဖော်မလေးတစ်ယောက် ပေါ်ပေါက်လာကာ အစီရင်ခံလိုက်ခြင်းဖြစ်သည်။ ထွန်းဝင်း လက်ပတ်နာရီကို မြှောက်ကြည့်လိုက်သောအခါ ခြောက်နာရီတိတိ။

"ကဲ ... အောက်ထပ်ဆင်းကြစို့"

mgyoe.com

mgyoe.com


ခင်ဖြူက ထိုသို့ပြောပြီးနောက် သုံးယောက်သားနေရာမှ ထလိုက်ကြသည်။ ခင်မျိုးမြင့်သည် သူ့ထက်အရပ် ၆လက်မပိုမြင့်သော ထွန်းဝင်း အနီးတွင် အမှတ်တမဲ့သတိလစ်ကာ လုံချည်ကိုပြင်၍ဝတ်မိပြီးမှ လျှာကလေး ထုတ်မိရှာသည်။

အောက်ထပ် ထမင်းစားခန်းကြီးထဲတွင်ကား သစ်သူဌေးပီပီ အထူးလုပ်ထားသော ကျွန်းစားပွဲဝိုင်းချောကြီး၊ အချင်း ၄ပေခန့်ရှိ၍ ကျွန်းပျဉ်ထူနှစ်ချပ်တည်းသာ စပ်၍ထားသည်။ လူ ၆ယောက် ကောင်းကောင်း ဝိုင်း၍ စားနိုင်၏။

မန္တလေးဓာတ်အားပေးရုံကြီး မပြင်ဆင်ရသေးသော်လည်း ဦးတောက်ထိန်သည် အမေရိကန်စစ်ဘက်မှ ဓာတ်အားပေးစက်တစ်လုံး ဝယ်ထားသဖြင့် တစ်နေရာမှ တဝုတ်ဝုတ် တဂျုတ်ဂျုတ်မြည်နေလျက် အိမ်အထက်အောက် ဓာတ်မီးပွင့်များဖြင့် ထိန်လင်းနေသည်။ အိမ်အပေါ်ထပ်၊ အောက်ထပ်နံရံအပြင်ဘက် တစ်လျှောက် အစိမ်း၊ အနီ၊ အဝါ၊ အပြာ ရောင်စုံမီးပွင့်ငယ်များ ရှုမငြီးအောင်ဖြစ်နေကြသည်။

စားပွဲဝိုင်းကြီးဘေးတွင် သစ်သားဆို၍ အနည်းငယ်မျှမပါဘဲ ခြေထောက်၊ နောက်မှီ၊ ဖင်ထိုင်စရာပါကြိမ်တွေချည်းပြုလုပ်ထားသော ရှေးကြိမ်ကုလားထိုင်ဝိုင်းများ ပတ်ချာဝိုင်းထား၏။

လူကြီးအားလုံး ဥပုသ်စောင့်ကြသဖြင့် ထမင်းပွဲတွင် သူတို့သုံးယောက်အတွက်သာ ပြင်ဆင်ထားကြသည်။ နံနက်ခင်းက သံဃာတော် ၅၅ ပါးကို ဆွမ်းကျွေး၍ အိမ်နီးနားချင်းများပါ အာဟာရဒါနပြုသောနေ့ဖြစ်ရာ ညနေစာအတွက် သီးသန့်မချက်ရတော့။ နံနက်ကကျန်သော ဟင်းလျာများကိုသာ ရွေးတန်သည်ကိုရွေးပြီးလျှင် ပြင်ဆင်ထားကြခြင်းလည်းဖြစ်သည်။

စားပွဲကြီးပေါ်၌ လက်သီးဆုပ်ခန့် ဝက်သားနှပ်ချက်၊ ပေါင်နှင့် အဖီချည်း ရွေးထည့်ထားသော ကြက်သားစားတော်ချက်၊ ခနံ့ထုပ်ကြော်၊ ဝက်သားစူရှကြော်၊ မျက်လုံးပြူးပြူးနှင့်ပုရစ်ကြော် ငါးကြင်းသားဆီပြန်ချက်၊ သရက်သီးကုလားတည်၊ ဘိတ်မှျင်နှင့်ဖျာပုံပုစွန်ခြောက်နိုင်နိုင် ဆီရွှဲရွှဲနှင့်ဗာလချောင်ကြော်၊ မဲဇလီနှင့်ဆန်လှော်ထောင်းချက်ထားသော

mgyoe.com

mgyoe.com


ဟင်းချိုရည် ပူပူနွေးနွေး၊ အငွေ့တထောင်းထောင်း ဖြစ်နေသည်။

လုံးသေး တောင်ထိပ်ပန်းဆန်ကို ချက်ထားသော ထမင်းမှာလည်း တိုက်ပန်းကန်ပြားပက်ဖြူကြီးပေါ်တွင် အငွေ့တထောင်းထောင်း ဖြစ်နေ၏။

သုံးယောက်သား ထမင်းစားခန်းထဲသို့ဂင်လာကြ၍ သုံးပွင့်ဆိုင် ကုလားထိုင်ကိုယ်စီနှင့် ဟင်းခွက်လက်လှမ်းမီအောင် နီးကပ်စွာ ထိုင်လိုက်ကြသည်။ ခင်ဖြူက ...

"ကဲ ... မြင့်ရေ ... အားရပါးရစားနော်။ ဆာလှပြီဆို။ ကိုကိုပါလို့ လက်တွန့်ပြီး ရှက်မနေပါလေနဲ့ ... ။ အမလေးခေါင်းကိုပူသွားတာပဲ ကိုကို ကလဲ"

ထွန်းဝင်းက ခေါင်းကို လှမ်းခေါက်လိုက်သဖြင့် ခင်မျိုးမြင့်အား ပြောနေရာမှ အော်လိုက်မိခြင်း ဖြစ်သည်။ ခင်ဖြူပြောသော စကားကို သုံးယောက်စလုံးပင်နားလည်ကြရာ၊ ထွန်းဝင်းသုန်မှုန်နေသလောက် ခင်မျိုးမြင့်နှင့် ခင်ဖြူပြုံးနေကြသည်။

သူတို့သုံးယောက်သည် ယခုမှ ထမင်းလက်ဆုံ စားဖူးကြခြင်း မဟုတ်။ စစ်ကိုင်းချောင်တုန်းကလည်း စားဖူးကြသည်။ ထိုအခါက ထွန်းဝင်း ရှက်ကိုးရှက်ကန်းနှင့် ထမင်းချည်းသာငုံ့လွေးနေသဖြင့် ဒေါ်ကြီး မြင့်က "အော် ... ခက်ပါဘိတူရယ် ဟင်းနဲ့မကြိုက်လို့လားကွဲ့"ဟု ဟင်းဖတ်များ ထည့်ပေးကာ ရယ်မောနေရဖူးသည်။ ထိုအဖြစ်ကို သတိရကာ ထွန်းဝင်းက နမအား ထိပ်ကို လှမ်းခေါက်လိုက်ခြင်းဖြစ်သည်။

ထမင်းစားကြသောအခါ လက်နှင့်ပင်ဖြစ်ရာ ဟင်းများကို ဘယ်လက်ဖြင့် ကိုင်တွယ် ခပ်ယူစားသောက်ကြသည်။ အလှူအတန်း၊ အကျွေးအမွေး၊ အစားအသောက်များတွင် လူကုံထံ အထက်တန်းစားဆို သူအချို့ပင် စားသောက်ညစ်ပတ်ကြသည်။ ဇွန်းရှိလျက် ဟင်းတုံးကို ထမင်းလူးနေသော လက်ငါးချောင်းနှင့်နှိုက်ဖဲ့ စားတတ်သည်။ ဇွန်းကိုင်သောအခါလည်း ထမင်းဟင်းပေကျံနေသော ညာလက်နှင့်ပင် ကိုင်တွယ်စားတတ်ကြသည်။

လူငယ်သုံးဦးကား စည်းစနစ်ကြီးသော မိဘမှပေါက်ဖွားလာကြ သူများဖြစ်သဖြင့် စားဝတ်နေရေး လိုလေသေးမရှိ၊ ယဉ်ကျေးဖွယ်ရာ ပြုမူတတ်အောင် သင်ကြားဆုံးမလာသည်ကို နာခံခဲ့ကြရသည်။

mgyoe.com

mgyoe.com


"ကဲ ... စား ... စား မြင့် အားမနာနဲ့နော် ..."

"ဒါမှ ... တို့ ကိုကိုကွ"

ထွန်းဝင်းက အိနေသော ဝက်သားတုံးကြီးကို ကြွေဇွန်းနှင့်ဖဲ့၍ ခင်မျိုးမြင့် ထမင်းပန်းကန်ထဲသို့ ထည့်၍ပေးလိုက်သောကြောင့် ခင်ဖြူက ထမင်းလုပ်ပါးစပ်ထဲ မသွင်းသေးဘဲ ချီးကျူးလိုက်ခြင်းဖြစ်သည်။

ရွှေမန်းမြို့ရာသီဥတုကား သီတင်းကျွတ်လ ဖြစ်စေကာ ပူအိုက်လှသည်။ အကယ်၍ အပေါ်က ပန်ကာကြီး တဝီဝီလည်ကာ လေအသစ်လေအဟောင်းလဲလှယ်မပေးပါ ထွန်းဝင်းမှာ ချွေးတလုံးလုံးနှင့် မြင်ရမည်ဖြစ်၏။

စားလိုက်သည်မှာလည်း အားရပါးရပင်။ တစ်ချီတစ်ချီ၌ ပုရစ်ကြော်နှစ်ကောင်တွဲ၊ သုံးကောင်တွဲ ပါးစပ် သုသာန်တွင်းသို့ သွတ်သွင်းလိုက်သေးသည်။ သူ့အဘိုး၏ စံချိန်ကို မချိုးနိုင်စေကာမူ ထမင်းလေးပန်းကန်ပြား အမောက်ကုန်တော့မှ ရေဆေးခွက်တွင် လက်နှိုက်နေတော့၏။ ခင်မျိုးမြင့်မှာ သည်လိုစားနိုင်သည်ကို အားရကျေနပ်ဟန်တူသည်။

အိမ်ဖော်တစ်ယောက်သည် စားပွဲငယ်တစ်ခု မ ရွှေ့လာကာ ဆပ်ပြာနှင့် ရေသန့်တစ်ဇလုံ၊ သွားတိုက်ဘူး၊ သွားပွတ်တံများ ထွန်းဝင်းအနီးချလာသည်။ ထွန်းဝင်းမှာ နံနက်စာ၊ ညစာစားပြီးတိုင်း သွားတိုက်လေ့ရှိသောကြောင့်ဖြစ်၏။

"မြင့်တော့ ဒီအလေ့မရှိဘူး ...။ ဒါဟာ အကောင်းဆုံးပဲ နောက်တော့ ကိုကိုဝင်းလို နေ့စဉ်လုပ်တော့မယ်"

အစာစားပြီး သွားတိုက်သည်ကို သဘောကျသဖြင့် ခင်မျိုးမြင့်က ပြောလိုက်ခြင်းဖြစ်ရာ ခင်ဖြူက ...

"ဒါတင်မကဘူး။ နောက်လုပ်စရာတွေ အများကြီးရှိသေးတယ်"

"အို ... ဖြူဖြူကလည်းကွယ် ..." ဟု လက်သုတ်ပဝါနှင့် လှမ်းပေါက်လိုက်သည်။

■

mgyoe.com

mgyoe.com

# အခန်း (၆)

ထိုနေ့ညကား ထွန်းဝင်း ဆင်ကြဲ ကြဲရမည့်ညဖြစ်သည်။ ခင်ဖြူ နှင့် ခင်မျိုးမြင့် မီးပွဲ၊ အငြိမ့်ပွဲသို့ သူငယ်ချင်းများနှင့် လှည့်လည်ကြည့်ရှု မည်ဟု ၇နာရီလောက်က ထွက်ခွာသွားကြသည်။ ခင်ဖြူက ခင်မျိုးမြင့် မိဘထံ ခွင့်တောင်းပေးပြီး သည်အိမ်အိပ်ရန် စီစဉ်ခဲ့မည်ဟု မှာသွား၏။ မည်ကဲ့သို့ စီစဉ်မည်နည်း။

သူ့ဘိုးဘိုးထံ မစိန်ပွင့်နှင့်ရဲကျော်တို့ သမီးရည်းစားဘဝ ဘယ်လို ပြုမူရသလဲဆိုသည်ကို အကြံဉာဏ်တောင်းချင်၏။ စိတ်ပုတီးနှင့် ခေါက် လွှတ်မည်စိုးသဖြင့် မတောင်းဝံ့ချေ။ ခင်ဖြူနှင့် ခင်မျိုးမြင့် တစ်ခန်းတည်း အတူတူအိပ်ကြတော့ အသာတိတ်တိတ်ဝင်သွား၊ ခင်ဖြူနိုးပြီး တစ်ခြား တစ်နေရာလွှတ်၊ နှစ်ယောက်ကျန်ရစ်ကြတော့ ဘာလုပ်ရမလဲ။

မိန်းမနှင့် လုံးဝအတွေ့အကြုံမရှိသူများမှာ ထွန်းဝင်းကဲ့သို့ ဖြစ်ကြ မည်သာတည်း။ သူသည် ခင်မျိုးမြင့်အား တကယ်စွဲလမ်းနေပြီဖြစ်၏။ ယနေ့ နီးနီးကပ်ကပ် ကြည့်ရှုရသည့် အပြင်၊ စစ်ကိုင်းချောင်တုန်းက အဖြစ် အပျက်ပါ ပူးပေါင်းမိကာ စိန်ပွင့်နှင့်ရဲကျော်လို ဖြစ်ချင်နေသည်။

အိမ်ကြီး၏အပေါ်ထပ်၌ ဘိုးရဲကျော်ကတစ်ခန်း၊ ခင်ဖြူက တစ်ခန်း၊ ထွန်းဝင်းက တစ်ခန်း အိပ်လေ့ရှိကြသည်။ ဦးတောက်ထိန်နှင့် ဒေါ်ဝှမ်းမှာ အောက်ထပ်တွင်အိပ်ကြ၏။ သားပျို၊ သမီးပျိုများနှင့် အခန်း နီးနီးအိပ်ရန်မသင့်ဟု အောက်ထပ်သို့ခွဲနေကြခြင်းဖြစ်သည်။

mgyoe.com

mgyoe.com


၁၁ နာရီသာသာလောက်ပြန်ခဲ့မည်။ တစ်ရေးတစ်မောအိပ်ရစ်ဦး ပြန်လာလျှင် ခင်ဖြူနှိုးမည်ဟု မှာထားခဲ့သဖြင့် အချိန်ကုန်လွယ်အောင် ဝတ္ထုစာအုပ်တစ်အုပ်ကို ဖတ်ရှုနေ၏။ ဝတ္ထုတွင်စိတ်မဝင်စားနိုင်။ ခင်မျိုးမြင့်၏ ၁၅ နှစ်ရွယ် သိကြားဂူထဲကအဖြစ်အပျက်၊ သရက်ပင်ဆိပ်တွင် ရေကူးသင်ပေးရပုံ၊ ယနေ့မြင်တွေ့ရသော ၂၀ရွယ်ခင်မျိုးမြင့်၊ ဝတ္ထုစာမျက်နှာပေါ်တွင် ခင်မျိုးမြင့်၏ရုပ်ပုံ အမျိုးမျိုးပေါ်နေသည်။

ထွန်းဝင်းမှာ ၁၀နာရီ အိပ်လေ့ရှိ၏။ ဤညကျမှ ၁၀ နာရီကျော်သည့်တိုင်အောင် မအိပ်ချင်သေး။ ပွဲကပြန်လာမည့်သူများကို နားတစွင့်စွင့် ဖြစ်နေသည်။

ကျွဲခနဲ ကားဘရိတ်အုပ်သံကို အောက်ထပ်ဆီမှကြားလိုက်ရသဖြင့် ထွန်းဝင်း ရင်ဖိုသွားသည်။ တော်လှန်ရေးဝင်နွဲ့ဖူးသည့် သတ္တိခဲ။ အချစ်တိုက်ပွဲကျမှ နှလုံးတုန် ရင်ဖိုသလိုဖြစ်ရသည့်အတွက် ဟင်းခနဲ သက်ပြင်းချမိသည်။

"ကိုကိုလား၊ ဒီချိန်ဆို သိုးနေရောပေါ့။ ၁၀ နာရီအမြဲအိပ်တာပဲ"

ခင်ဖြူ၏အသံနှင့်တကွ။ ခပ်ဖော့ဖော့ နင်းတက်လာကြသည့် ခြေသံများကို ကြားလိုက်ရာ ထွန်းဝင်း သူ့အခန်းထဲက မီးခလုတ်ကို ရုတ်ခြည်း ပိတ်လိုက်သည်။

ခင်ဖြူ၏အခန်းဆီမှ လှုပ်ရှားသံများ၊ တိုးတိုးပြောသံများ ကြားရပြီးနောက်။ ၁၅ မိနစ်ခန့်ကြာလျှင် ငြိမ်၍သွားကြသည်။ ထွန်းဝင်းကား ရင်တထိတ်ထိတ်နှင့်ဖြစ်နေဆဲ ရုပ်ခနဲခြေသံကြားရပြီးလျှင် "ကိုကို ကိုကို"ဟု သူ၏အခန်းဝမှ ခပ်အုပ်အုပ်ခေါ်လိုက်သော ခင်ဖြူ၏အသံပေါ်လာပြန်သည်။

"အေး ... ကိုကိုအိပ်သေးပါဘူး"

"တိုးတိုးပြောပါ။ ဖြူဖြူ့အခန်းထဲ သွားတော့၊ တံခါးစေ့ထားခဲ့တယ်"

"ဟယ် အော်များနေမှဖြင့် ... ဟုတ်မှလုပ်ပါ"

"မအော်အောင်ဉာဏ်ထုတ်၊ သတ္တိက ဒီနေရာကျမှနည်းလိုက်တာ။ ဖြူဖြူ ဒီအခန်းထဲကအိပ်စောင့်မယ်။ ကိုကိုပြန်လာတော့ နှိုးနော်။ ကြောက်မနေပါနဲ့"

mgyoe.com

mgyoe.com


"အေး ... အေး ဒီတစ်ခါတော့ စွန့်ရမှာပဲဟ"

ထွန်းဝင်း သူ့ကျွန်းခုတင်ကြီး ပေါ်မှဆင်းလိုက်၏။ အိမ်အလယ် ထုပ်နားတွင် ၄၀ အားမီးတစ်ပွင့် အလင်းဖွင့်ထားသဖြင့် ထိုမီးရောင်ဖြင့် နီးကပ်နေသောလူတစ်ယောက်နှင့်တစ်ယောက် ကောင်းစွာမြင်နိုင်သေးသည်။

ထွန်းဝင်းသည် သူ၏အခန်းမှ ခြေဖျားထောက်ထွက်ခဲ့ကာ ဖြူဖြူ အိပ်နေကျအခန်းဆီသို့ ခြေဖော့နင်းပြီးလျှင် လာခဲ့သည်။ စေ့ထားသော တံခါးသို့ရောက်သောအခါ စဉ်းစားနေပြန်သည်။ နှမဖြစ်သူက သူငယ်ချင်း သဘောနှင့် မလိမ့်တပတ် ဤအိမ်တွင်အိပ်ရန်ခေါ်ခဲ့၏။ ဟိုလျှောက် သည် သွားဖြင့် မောလာ၍ အိပ်နေခိုက်အကြံနှင့်ဖြစ်သူ နှမကနေရာဖယ်ပြီးလျှင် မောင်အားအစားသွင်းပေးသည်။ မောင်ဖြစ်သူက အိပ်ပျော်နေခိုက် ဝင်ရောက်လာကာချစ်ဗျူဟာကျင်းခင်းမှာ အကောက်ဉာဏ်မဟုတ်ပါလော၊ ထိုသို့တွေးမိသောအခါ လူရိုးကြီးထွန်းဝင်းသည် သည်အကြံမဟန်ပါဘူးဟု သူ့အခန်းဆီသို့ပြန်ခဲ့ရန် ခြေတစ်လှမ်းကြွပြီးမှ ဟယ်ငါမတရားကြံတာမှ မဟုတ်ဘဲ။ တကယ်ချစ်လို့ တကယ်ယူမယ့် ဇနီးလောင်းပဲဟု ခြေပြန်ဆုတ် ကာ စေ့ထားသောတံခါးကို အသာတွန်း၍ ဝင်လိုက်ပြီးလျှင် အတွင်းမှ တံခါးမင်းတုပ်ကို အသာတွန်း၍ပိတ်လျက် ခုတင်နားသို့ကပ်လာသည်။

အပေါ်ကထွန်းထားသော ဓာတ်မီးပွင့်၏ အလင်းရောင်ကြောင့် သည်အခန်းတွင်လည်း နီးကပ်နေသောလူတစ်ယောက်ကို ကောင်းစွာမြင် နိုင်သည်။ ဇာခြင်ထောင်ချထားသော်လည်း ခြင်ထောင်၏ အပြင်ဘက်မှ ပင် လဲလျောင်းအိပ်ပျော်နေသော သဏ္ဌာန်ကိုမြင်နေရ၏။ ထွန်းဝင်းသည် ခြင်ထောင်ကို မ ကာ ခုတင်တွင် တင်ပါးလွှဲထိုင်လိုက်သည်။ သူ၏ရင်မှာ တဒိတ်ဒိတ်ခုန်နေ၏။

ခင်မျိုးမြင့်မှာ ဇာဘော်လီအင်္ကျီတစ်ထပ်တည်းဝတ်ထား၍ အနက် ကွက်လုံချည် ရင်ရှားကာ ခပ်စောင်းစောင်း အိပ်နေသည်။ ငုံ့၍ ကြည့်သော အခါ ထိစပ်ညီညာသော နှုတ်ခမ်း၊ ခပ်ကွေးကွေးမျက်ခုံး၊ မှိတ်ထားသည့် ခပ်မို့မို့ မျက်ခွံဖွင့်လိုက်လျှင် လုပသောမျက်လုံးကို မြင်ရမည့် သဏ္ဌာန်၊ ဇာဘော်လီတစ်ထပ်၊ ထဘီတစ်ထပ်အုပ်၍ ထားစေကာ သားကောင်းမိခင် ဖြစ်မည့်ရင်အုံမှာ ပြည့်တင်းမို့မောက်၍နေရာမှ အသက်ရှူမှန်မှန်နှင့်

mgyoe.com

နိမ့်ချည်မြင့်ချည် ဖြစ်နေသည်။ တကယ်ပင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေရှာသည်။

ပြည့်ဖြိုးဆူကား၍ကျားနှင့်တွေ့ဖူးဟန်မတူသော တင်ပါးဆုံကြီးသည် ပွေ့ဖက်ထားချင်စရာ ဖြစ်နေသည်။ ထွန်းဝင်းသူ့ကိုယ်ကို ရှေ့သို့ကုန်းကာ ခင်မျိုးမြင့်၏နဖူးပြင်ကို နမ်းတော့မည်လုပ်ပြီးမှ အိပ်ပျော်ခိုက်ပြုမူခြင်းသည် သူခိုးကျင့်သူခိုးကြံဟုတွေးမိကာ ခေါင်းပြန်မတ်လိုက်သည်။ ရင်အုံဆီသို့ လက်ကြီးဝဲသွားရာမှ မရဲပြန်သဖြင့်ပြန်၍ ရတ်သိမ်းကာ ဘာလုပ်ရပါ့မလဲဟု အကြံယူနေပြန်သည်။

သွေးသားဆူဖြိုးသော အသက် ၂၂ အရွယ် လုလင်ထွားကြီး၊ မြင်နေရသူကလည်း မြန်မာမိန်းကလေးထဲတွင် အတော်ထွားကျိုင်းသည်ဟု ဆိုရလောက်အောင် အသားအရေပြည့်ဖြိုးစိုပြည်နေသူဖြစ်သည်။ အခန်းထဲခုတင်ပေါ်နှစ်ယောက်တည်း ဆိတ်ကွယ်ရာအရပ်၊ ကာမဓာတ်အပူခိုးတလှုပ်လှုပ်တိုးနေသည်။

သစ်စက်ရုံကြီး အတွင်းက တဗုတ်ဗုတ်မြည်နေသော ဓာတ်အားပေးစက်သံ၊ တစ်ခါတစ်ရံ အချိန်မှား တွန်နေသော အောက်အီးအီးအွတ်သံ၊ ခွေးဟောင်သံများကြားနေရသည်။

ထွန်းဝင်းသည် အတန်ကြာ ငိုင်တွေနေရာမှ ခင်မျိုးမြင့်၏ပခုံးကို အသာအယာ လှုပ်၍နေရာ ခင်မျိုးမြင့်လူးလွန့်ပြီးလျှင် အိပ်ချင်မူးတူးနှင့်

"အင်း ... ဖြူဖြူ ...၊ ဘာလဲကွ ဖြူဖြူ နောက်ဖေးသွားချင်လို့လား"

ထိုသို့ပြောရင်း မျက်လုံးဖွင့်လိုက်ရာ ဖြူဖြူမဟုတ် မည်းမည်းကြီးဖြစ်နေသဖြင့် "အို" ဟုဆိုကာ ကိုယ်ကလေး တုန်လှုပ်သွားသည်။

"ဘယ်နှယ့်လဲ ကိုကိုဝင်း၊ အကြံပက်စက်လှချည်လားဟင်"

"ရှူးရှူး တိုးတိုး၊ မြင့်မြင့်သဘောမကျရင် လက်ဖျားနဲ့တောင်မထိပါဘူး။ ကိုကိုဝင်း မြင့်မြင့်နဲ့စကားပြောချင်လို့ပါကွယ်"

ခင်မျိုးမြင့်သည် အိပ်ရာမှ လူးလဲထကာ ထိုင်လိုက်သည်။ ပြေကျနေသောဆံပင်များကို ရစ်ပတ်နေရင်း။

"ကဲ ပြောပြော၊ ပြောပြီးရင် မြန်မြန်ထွက်တော်မူပါ။ ဖြူဖြူကလည်း အလိုတူ အလိုပါမို့ ဒီလိုလုပ်ကြတာပေါ့..."

mgyoe.com